နိုင်ငံတကာသတင်းများ

မက္ကဆီကိုအကာပူလ်ကိုမြို့၌ သေဆုံးသူ ၂၇ဦးတွေ့ရှိ

အကာပူလ်ကို ဇန်နဝါရီ ၁၀

မက္ကဆီကိုနိုင်ငံ အကာပူလ်ကိုမြို့၌ ဇန်နဝါရီ ၁၀ရက် နံနက်က သေဆုံးနေသူ ၂၇ဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ရကြောင်း မက္ကဆီကို ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

၄င်းရုပ်အလောင်းများကို အကာပူလ်ကိုမြို့ ရှော့ပင်းစင်တာတစ်ခု၏ အပြင်ဘက်လမ်းပေါ်၌ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ သေဆုံးသူများသည် ဇန်နဝါရီ ၉ရက် ညပိုင်းက အသတ်ခံခဲ့ရသူများဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မက္ကဆီကိုနိုင်ငံတွင် မကြာခင်နှစ်များကလည်း လူအစုအပြုံလိုက်သေဆုံးမှုများကို တွေ့ရှိခဲ့ရပြီး ပြီးခဲ့သည့်လများကလည်း မက္ကဆီကိုနယ်စပ်မြို့တစ်မြို့၌ လူ ၂၀ကျော် အစုအပြုံလိုက်သေဆုံးနေသည်ကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ လူအစုအပြုံလိုက်သတ်ဖြတ်မှုများမှာ မူးယစ်ဆေးဂိုဏ်းများနှင့် ပတ်သက်ဆက်စပ်မှုရှိနိုင်ကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်တောင်ပိုင်း၌ နှင်းမုန်တိုင်းကျရောက်ခြင်းကြောင့် ခရီးစဉ်များ ဖျက်သိမ်း

ဝါရှင်တန် ဇန်နဝါရီ ၁၀

အမေရိကန်နိုင်ငံတောင်ပိုင်း၌ ပြင်းထန်သည့် နှင်းမုန်တိုင်းများ ကျရောက်သဖြင့် နှင်းမိုးများ ရွာသွန်းရာ လမ်းများနှင့်တံတားများပေါ်တွင် ဆီးနှင်းများထူထပ်သိပ်သည်းနေကာ ရာချီသည့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းလိုက်ရသည့်အပြင် မော်တော်ယာဉ်သွားလာမှုများ ရပ်ဆိုင်းသွားခဲ့သည်ဟု ပြည်နယ်အာဏာပိုင်အဖွဲ့က ဇန်နဝါရီ ၁၀ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

လူဝီစီယားနားပြည်နယ်၊ ဂျော်ဂျီယာပြည်နယ်နှင့် အယ်လ်ဘားမားပြည်နယ်တို့တွင်ဇန်နဝါရီ ၉ရက်မှ စတင်ကာ ဆီးနှင်းများ အဆက်မပြတ်ကျဆင်းလျက်ရှိရာ ပြည်နယ်အာဏာပိုင်အဖွဲ့က အရေးပေါ်ကြေညာချက်များထုတ်ပြန်သည်။ နှင်းမုန်တိုင်းသည် အာကန်ဆက်စ်ပြည်နယ်မှ မြောက်ပိုင်း မစ္စစ္စပီ ပြည်နယ်ဘက်သို့ ဆက်လက်ဦးတည်လျက်ရှိသည်။

ယခုအခါ အမေရိကန်နိုင်ငံ အက်လန်တာနိုင်ငံတကာလေဆိပ်ရှိလေယာဉ်ခရီးစဉ် ၁၀၀ခန့် ဖျက်သိမ်းထားရပြီး ဇန်နဝါရီ ၁၀ရက်၌ လေယာဉ်ခရီးစဉ် စုစုပေါင်း ၁၆၀၀ထပ်မံ ရွှေ့ဆိုင်းဖွယ်ရှိသည်ဟု လေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ်၌ စက်လှေနစ်မြုပ် ငါးဦးသေဆုံး၊ သုံးဦးပျောက်ဆုံး

ဒါကာ ဇန်နဝါရီ ၁၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အရှေ့တောင်ဘက် ၁၅၈ ကီလိုမီတာအကွာ မီဂါနာမြစ်အတွင်း ကုန်းတို့လှေ တစ်စင်းနစ်မြုပ်ခဲ့ရာ ငါးဦး သေဆုံးပြီး အခြားသုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ဇန်နဝါရီ ၁၀ရက်၌ ပြောကြားသည်။

တွေ့ရှိခဲ့

၄င်းကုန်းတို့စက်လှေသည် ဒေသခံလယ်သမားများကို တင်ဆောင် မောင်းနှင်လာစဉ် ရာသီဥတုဆိုးရွားမှုကြောင့် နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။ ဒေသခံများက ဝိုင်းဝန်းရှာဖွေကယ်ဆယ်မှုကြောင့် သေဆုံးသူ ငါးဦးကို တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

ပျောက်ဆုံးနေသော လယ်သမားများအား ရှာဖွေလျက်ရှိပြီး ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ ***(အင်တာနက်)***

အိန္ဒိယ၌ မီးရှူးမီးပန်းစက်ရုံမီးလောင်

နယူးဒေလီ ဇန်နဝါရီ ၁၀

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် ဇန်နဝါရီ ၁၀ရက်က မီးရှူးမီးပန်းစက်ရုံ မီးလောင်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

ကူးစက်မီးလောင်

၄င်းစက်ရုံမှာ ပန်ဂျပ်ပြည်နယ်ရှုရာဒါစပါခရိုင် ခိုဂျီပူရာရွာအနီးတည်ရှိပြီး မီးလောင်မှုကြောင့် အနီးဝန်းကျင်ရှိ နေအိမ်ငါးလုံး ကူးစက်မီးလောင်ခံခဲ့ရသည်။

မတော်တဆ

မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ပေးခဲ့သည်။ မတော်တဆဖြစ်ရပ်ကြောင့် မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***(အင်တာနက်)***

အီတလီ၌ ရာသီဥတုကြောင့် ငှက်ကောင်ရေ ရာပေါင်းများစွာသေဆုံး

ရောမ ဇန်နဝါရီ ၁၀

အီတလီနိုင်ငံမြောက်ပိုင်း ဖာအင်ဇာမြို့ လမ်းအချို့ပေါ်၌ သေဆုံးနေသော ငှက်ကောင်ရေ ရာပေါင်းများစွာကို တွေ့ရှိရကြောင်း အီတလီအရာရှိများက ဇန်နဝါရီ ၁၀ရက်တွင် ပြောကြားသည်။**(ယာပုံ)** အဆိုပါငှက်များအပြင် လိပ်ကောင်ရေ ၄၀၀ခန့်လည်း သေဆုံးနေကြောင်း တွေ့ရှိခဲ့ရာ အီတလီသိပ္ပံပညာရှင်များက ရာသီဥတုပြောင်းလဲမှုနှင့် မုန်တိုင်းများ တိုက်ခတ်မှုအပြင် အအေးဓာတ်ပြင်းထန်မှုတို့ကြောင့် ဖြစ်နိုင်ကြောင်း ယူဆလျက်ရှိသည်။ ပြီးခဲ့သည့် ရက်အနည်းငယ်ကလည်း အမေရိကန် အာကန်ဆက်စ်ပြည်နယ် ကမ်းလွန်တွင် ငါးကောင်ရေအများအပြား သေဆုံးခဲ့သည်။ ယင်းမှာ အအေးဓာတ်ပြင်းထန်၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။

ထို့အတူ ဆွီဒင်နိုင်ငံတွင်လည်း ကျီးကောင်ရေများစွာ မကြာမီက သေဆုံးခဲ့ရာ ရာသီဥတုဒဏ်နှင့် လူတို့၏သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတို့ကြောင့် ဖြစ်ကြောင်း အီတလီသိပ္ပံပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

✎ မိုးမြင့်လင်းလက် – ရေးသားသည်

ရုရှားက ဂြိုဟ်တု ၁၀လုံး လွှတ်တင်မည်

မော်စကို ဇန်နဝါရီ ၁၀

ရုရှားနိုင်ငံက ယခုနှစ် ပထမသုံးလတာကာလအတွင်း အာကာသသို့ ဂြိုဟ်တု ၁၀လုံးလွှတ်တင်ရန် စီစဉ်ထားကြောင်း ရုရှားအာကာသသိပ္ပံပညာရှင်များက ဇန်နဝါရီ ၁၀ရက်၌ ပြောကြားသည်။

စီစဉ်ထား

ပထမဂြိုဟ်တုငါးလုံးကို ကာဇက်စတန်ရှိ ဘိုင်ကူနော‌အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်မည်ဖြစ်ပြီး ဒုတိယဂြိုဟ်တုလေးလုံးကို အာခန်ဂလက်ဒေသ ပလီဆက်ခ်စခန်းမှ လွှတ်တင်မည်ဖြစ်သည်။ နောက်ဆုံးဂြိုဟ်တုတစ်လုံးကို အော်ရန်ဘတ်ဒေသ ဒွန်ဘာရောဗ်ကာယာစခန်းမှ လွှတ်တင်ရန် စီစဉ်ထားသည်။

ယခု ဇန်နဝါရီလအတွင်း ဘိုင်ကူနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဂြိုဟ်တုနှစ်လုံးကို လွှတ်တင်ရန် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

ကာဇက်စတန်ရှိ ဘိုင်ကူနော အာကာသလွှတ်တင်ရေးစခန်းမှ ဂြိုဟ်တု လွှတ်တင်ရန် ဤသို့ ပြင်ဆင်ထားသည်။ (အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာ၌ ရေလွှမ်းမှုများဖြစ်ပွား

ကိုလံဘို ဇန်နဝါရီ ၁၀

သီရိလင်္ကာနိုင်ငံအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သီရိလင်္ကာ အရာရှိများက ဇန်နဝါရီ ၁၀ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့အတူ ကိုလံဘိုမြို့တော်မှ အရှေ့ပိုင်းနှင့် အလယ်ပိုင်းပြည်နယ်များသို့ ဆက်သွယ်ဖောက်လုပ်ထားသော ရထားလမ်းများလည်း ရေလွှမ်းခံရပြီး ထိခိုက်ပျက်စီးခဲ့သည်။ တစ်ဖန် မြေပြိုမှုများကြောင့်လည်း ရထားလမ်း အစိတ်အပိုင်းများ ပျက်စီးထိခိုက်ခဲ့ရသည်။

ရေလွှမ်းမှုနှင့်ရာသီဥတု ဆိုးရွားနေမှုကြောင့် သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသရှိ စာသင်ကျောင်းအချို့ ပိတ်ထားရကြောင်း၊ ဒေသခံပြည်သူ ၆၀၀၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

အီရန်မြောက်ပိုင်း၌ ခရီးသည်တင်လေယာဉ်ပျက်ကျ ၇၇ဦးသေဆုံး၊ ၂၇ဦးဒဏ်ရာရရှိ

တီဟီရန် ဇန်နဝါရီ ၁၀

အီရန်နိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီ ၁၀ရက်က ခရီးသည်တင်လေယာဉ် တစ်စင်းပျက်ကျခဲ့ရာ ခရီးသည် ၇၇ဦးသေဆုံးပြီး ၂၇ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရန်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ပျက်ကျ

၄င်းလေယာဉ်သည် ဘိုးရင်း-၇၂၇ အမျိုးအစားဖြစ်ပြီး ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၁၀၄ဦးကိုတင်ဆောင်ကာ တီဟီရန်မြို့ မက်ရာဘတ်လေဆိပ်မှ ဇန်နဝါရီ ၁၀ရက်က ပျံသန်းခဲ့ရာ အီရန်မြောက်ပိုင်း ယူရှိမက်မြို့အနီး ပျက်ကျခဲ့ခြင်းဖြစ်သည်။

တင်ပို့

လေယာဉ်ပျက်ကျမှုမှာ ရာသီဥတုဆိုးရွားမှုကြောင့်ဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးထားကြောင်း သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

11-1 (04).pmd 1 1/11/2011, 2:03 AM

အခြေခံဘဏ်လုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်)၏ အခြေခံဘဏ်လုပ်ငန်းသင်တန်းအမှတ်စဉ်(၄၅)သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ လသာမြို့နယ် ကမ်းနားလမ်းနှင့် (၂၃)လမ်းထောင့်ရှိ သမဝါယမဘဏ်လီမိတက်ဘဏ်ရုံးချုပ် သင်တန်းခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးတင်ထွတ်က သမဝါယမဘဏ် လီမိတက် (CB Bank)အနေဖြင့် သက်တမ်း ၁၈ နှစ်ကျော်ရှိလာခဲ့ပြီး စုစုပေါင်းဘဏ်ခွဲ ၂၁ ခုကို အောင်မြင်စွာဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်နှင့်အမျှ ဘဏ်လုပ်ငန်းများလည်း များစွာတိုးတက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဘဏ်၏ဖောက်သည်(Customers)များအား စိတ်ကျေနပ်မှုပေးနိုင်ရန်အထူးလိုအပ်ရာ ဘဏ်အနေဖြင့် သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ ယခုသင်တန်းတွင်လည်း ဘဏ်ခွဲ ၁၃ ခုမှ ဝန်ထမ်းအသစ် ၄၀ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ရာတွင် ဘဏ်နှင့် ဆက်ဆံသူများအား စိတ်ကျေနပ်မှု အပြည့်အဝ ပေးနိုင်ရေးနှင့် CB Bank ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စွမ်းဆောင်ပေးကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက အခြေခံဘဏ်လုပ်ငန်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

(၅၇) ကြိမ်မြောက်
မြန်မာနိုင်ငံဆေးရာဝန်ညီလာခံ

(၂၀၁၁) ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက် မှ (၂၅)ရက်နေ့အထိ
အမှတ်- ၂၄၉၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

စုပေါင်းသန့်ရှင်း

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် မန္တလေး-လားရှိုးသွား ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဒီဇင်ဘာ ၂၅ရက်တွင် ခေတ္တဒုတိယဦးစီးမှူး ဦးကျော်နန်းနှင့်အဖွဲ့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြိုင်ဟေဝန်အိမ်ရာ တိုက်(၁) အခန်း ၄၀၈နေ မိဘများအားရည်စူး၍ မမျိုးမျိုးထွေး၏ မွေးနေ့အလှူအဖြစ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာတွင် တစ်နေ့တာအာဟာရကျွေးမွေးပြီး ငွေကျပ်တစ်သိန်းကို ဆေး၊ အာဟာရပဒေသာပင်အဖြစ် လှူဒါန်းရာ ဘိုးဘွားရိပ်သာတွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်း လက်ခံယူစဉ်။ (၁၀၅)

မိုးစပါး အထွက်နှုန်းမှန်ကန်ရေး မြိုင်မြို့၌ စံကွက်ရိတ်သိမ်း

မြိုင် ဇန်နဝါရီ ၁၀

ပခုက္ကူခရိုင် မြိုင်မြို့နယ်၌ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းပွဲကို သီရိနန္ဒာဆည်ရေသောက်ရေသန့် ဒေါင်အိုကျေးရွာအုပ်စု ညောင်ညိုတောကျေးရွာ ကွင်းအမှတ်(၆၂၃) ဦးပိုင်အမှတ်(၃၄၆) တောင်သူဦးကျော်ဝင်း၏ လယ်မြေ၌ ဒီဇင်ဘာ ၂၀ရက် နံနက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးအေးဟောက်ဆွန်းမန်နှင့် ခရိုင်စိုက်ပျိုးရေးတိုးတက်မှု မြင့်မားရေးအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်တင်နှင့် မြို့နယ်စိုက်ပျိုးရေးတိုးတက်မှုမြင့်မားရေးအဖွဲ့ဝင်များ၊ ဒေါင်အိုကျေးရွာအုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆည်/လယ်မှူးများနှင့်ဒေသခံတောင်သူများတက်ရောက်ကြည့်ရှုကြသည်။ **(အောက်ပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် မနောသုခမျိုးသန့် တစ်ဧက ၉၀ ဒသမ ၃၉ တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

မီးသတ်ပြ

ဇန်နဝါရီ ၃ ရက်က မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ကျောင်းရှေ့မုခ်ဦး၌ ကျင်းပရာ မြောင်းမြခရိုင် ဥက္ကဋ္ဌ ဦးမင်းထူးကျော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးညီညီ၊ အထက(၁)ကျောင်းအုပ်ဆရာကြီး ဦးတင်အေးနှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဝင်းမောင်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း
သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ဗဟန်းမြို့နယ် အမှတ်(၁၃၅) ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ သင်တန်းအမှတ်စဉ်(၈/၂၀၁၀) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၇ရက် နံနက် ၁၁နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်လှစ်မည်

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းအောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းကဲ့သို့ အမှတ်စဉ်(၁/၂၀၁၁)သင်တန်းကို ဇန်နဝါရီ ၁၀ရက်က စတင်ဖွင့်လှစ်ပြီး မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ ဇာထိုးပန်းထိုး၊ ဘောင်းဘီ၊ ကုတ်အင်္ကျီ၊ စင်တီမီတာ(စက်ချုပ်)၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ သီးယို/ဆီစိမ်၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုး၊ သိုးမွေးစက်ထိုးနှင့် ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်း သင်တန်းများကို သင်ကြားပေးမည်ဖြစ်သည်။ စနေ၊ တနင်္ဂနွေသင်တန်းများကို ဇန်နဝါရီ ၁၅ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မိုးစပါးစံကွက် ဂန့်ဂေါ၌ ရိတ်သိမ်း

ဂန့်ဂေါ ဇန်နဝါရီ ၁၀

မိုးစပါးအထွက်နှုန်း မှန်ကန်ရေး ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၆ ရက်က ဂန့်ဂေါမြို့နယ် လယ်မကျေးရွာ ကွင်းအမှတ် (၁၈၆) ဦးပိုင်အမှတ် (၃၈) တောင်သူ ဦးဘသန်း၏ လယ်ဧက ၂ ဒသမ ၆၂ မနောသုခစပါးခင်း၌ ကျင်းပရာ စပါးစံကွက်ရိတ်သိမ်းပွဲသို့ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ခိုင်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်မြင့်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးနေဝင်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး

ဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်တို့ တက်ရောက် ကြည့်ရှုကြသည်။ အဆိုပါ စပါးစံကွက်ကို မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအေးမောင်၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဒေါ်ခင်မာအေးတို့နှင့် ဝန်ထမ်းများက ကြီးကြပ်၍ ရိတ်သိမ်းကြရာ စပါးတစ်ဧက ၉၄ ဒသမ ၃၈ တင်းနှုန်း ထွက်ရှိခဲ့ကြောင်းသိရှိရသည်။ **(ဝ၇၁)**

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ပညာရေးစုံညီပွဲတော် အခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၆ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်သည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့်ဧည့်ပရိသတ်များသည် ကျောင်းသား ကျောင်းသူလေးများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးသည် ကျောင်းခန်းများအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အမှာစကားပြောကြားကြပြီး ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် မန္တလေးတိုင်းဒေသကြီး ပညာရေး စုံညီပွဲတော် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်စွန်း အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၅ရက် (စနေနေ့) ညနေ ၃နာရီတွင် အဆိုပါကျောင်းရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အပူဇော်ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီစွာတက်ရောက်ကြရန်နှင့် အလှူငွေ လှူဒါန်းရန်နှင့် အသေးစိတ်အချက်အလက်များကို ဒေါ်ခင်စန်းနွဲ့(ကျောင်းအုပ်ကြီး) အထက တောင်စွန်း၊ ဦးကျော်လွင်(တောင်စွန်း) ဖုန်း-၀၉-၈၇၆၃၆၁၃၊ ဒေါ်ယဉ်နု (ကျောင်းအုပ်ကြီး) အထက အလူး၊ ဦးဝင်းသန်း(သထုံ) ဖုန်း-၀၉-၈၆၂၈၆၄၁၊ ဒေါ်ခင်သန်းအေး(မန္တလေး) ဖုန်း-၀၂-၇၃၁၉၇၊ ဦးမြင့်ဝင်း ဖုန်း-၀၉-၅၁၈၈၇၉၂၊ ဦးညွန့်အောင် ဖုန်း-၀၁-၅၇၈၅၅၂၊ ဦးသက်ကိုကို (မုဒုံ) ဖုန်း-၀၉-၄၉၈၂၆၇၂၂၊ ဦးညီမွှေး ဖုန်း-၀၉-၅၀၃၃၂၈၉နှင့် ဦးဝင်းလှိုင် ဖုန်း-၀၉-၄၉၂၆၅၂၂၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းစုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ချစ်လို့စတာဇာတ်ကားမှ နေတိုးနှင့် အိန္ဒြာကျော်ဇင်။

ရှုံတင် ၁၆ကားအနက် အိန္ဒြာကျော်ဇင်က ကိုးကား၊ နေတိုးက ခြောက်ကား၊ စိုးမြတ်သူဇာက ငါးကားပါဝင်ထား၍ မင်းသား၊ မင်းသမီး အကောင်းဆုံးဆုကို အများဆုံးမှန်းနိုင်ကြသူများဖြစ်။ ဒါရိုက်တာဆုကို ကြိုးကြာတောင်ပံခတ်သံ ရိုက်ကူးသူ စင်ရော်မောင်မောင်၊ မိုးညအိပ်မက်မြူ ရိုက်ကူးသူ ကြည်ဖြူသျှင်၊ ဇော်က ကနေသည် ရိုက်ကူးသူ မီးပွားနှင့် မာမီရှိန်း ရိုက်ကူးသူ ညီညီထွန်းလွင်တို့ ရေပန်းစား။

ခန့်မှန်းထား

အကောင်းဆုံး ဓာတ်ပုံဆုကိုတော့ မြန်မာ့သဘာဝအလှကို မှတ်တမ်းတင်ထားသည့် ပင်လယ်ကိုဖြတ်၍ ဇာတ်ကားနှင့် အတိတ်၏အရိပ်မှ အဆင့်မြင့်ရိုက်ချက်များက မှန်းဆနိုင်လောက်သည်ဟု ဝါရင့်အကဲဖြတ်သူများက ခန့်မှန်းထားပါကြောင်း။ ။ **(မြန်မာ့အလင်း)**

* *ကျောဖုံးမှ*

ချင်းတောင်ရောက် စေတနာဆရာဝန်တစ်ဦး၏ ဖြစ်ရပ်မှန်ကို ရိုက်ကူးထားသည့် ကြိုးကြာတောင်ပံခတ်သံ ဇာတ်ကားထဲက မလွဲလောက်ဘူးဟု ထင်ရသည်။

ဇန်နဝါရီ ၁ရက်က အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသော အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စာဆိုတော်နေ့အထိမ်းအမှတ် စာပေသက်ကြီးပညာရှင်များ ကန်တော့ပွဲတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)က အလှူငွေကျပ် တစ်သိန်းလှူဒါန်းပြီးနောက် ဂုဏ်ပြုမှတ်တမ်းလွှာ လက်ခံစဉ်။ (မြန်မာ့အလင်း)

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက် မြရတနာ (၁၀)လမ်းနေ အလှူရှင် ဦးခင်ဇော်(မြန်မာ့ရိုးရာနဝင်းစီးပညာရှင်) - ဒေါ်စန်းညွန့် သမီး ဒေါက်တာတတိုင်းမွှေး (ကထိက၊ သမိုင်းဌာန) မိသားစုတို့က အလှူငွေ ကျပ်နှစ်သိန်းကို အဖွဲ့အတွင်းရေးမှူး(၁) ဦးဝင်းလွင်ထံ လှူဒါန်းစဉ်။ (သံဃာ့ဆေးရုံ)

ပင်လုံမြို့နယ် ဝမ်မိုင်ကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ပင်လုံ ဇန်နဝါရီ ၁၀

ပင်လုံမြို့နယ် ဟဲနန်းကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာ၌ စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ရက်က ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးအောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်နှင့် ဝမ်မိုင်ကျေးရွာ ရပ်မိရပ်ဖ ဦးဝါလိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိက DTH စလောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမြင့်မြင့်ဆွေက စာအုပ်စာစောင်များနှင့် ဟဲနန်းကျေးရွာဥက္ကဋ္ဌ ဦးအောင်ဝင်းက ၂၁ လက်မ တီဗွီနှင့် EVD စက်တို့ကို လှူဒါန်းသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဝမ်မိုင်ကျေးရွာ စာကြည့်တိုက်ဆိုင်ရာ စာရွက်စာတမ်းများကို ဝမ်မိုင်ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီမှ မြို့နယ်ဦးစီးမှူးထံလွှဲပြောင်းပေးအပ်သည်။အဆိုပါ စာကြည့်တိုက် အဆောက်အအုံကို နိုင်ငံတော်မတည့်ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေအပါအဝင် စုစုပေါင်းကုန်ကျငွေမှာ ကျပ် ၈၂၅၆၈၉၀ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

စာဆိုတော်နေ့နှင့် စာပေဟောပြောပွဲ ကျင်းပ

မြန်အောင် ဇန်နဝါရီ ၁၀

မြန်အောင်မြို့ စာဆိုတော်နေ့ အခမ်းအနားနှင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ရသအောင်မြင်စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ် စာပေဖွံ့ဖြိုးတိုးတက်ရေးကော်မတီ နာယက စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးက အလှူငွေများ ပေးအပ်သည်။

ထို့နောက် စာဆိုတော်နေ့ အခမ်းအနား နှင့် စာပေဟောပြောပွဲကို ည ၇ နာရီတွင် မြန်အောင်မြို့ ဆန်းသစ်ဦး ရုပ်ရှင်ရုံ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးကြူက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို နာယက ဦးသိန်းဆန်း (ကနောင်မောင်ဆန်းသစ်)က ဖတ်ကြားပြီး မြန်မာစာပေ၏ ကျေးဇူးကို အဖွဲ့ဥက္ကဋ္ဌ ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)က ပြောကြားသည်။

ထို့နောက် ဦးဌေးအောင်(ချစ်ကောင်းလတ်-မြန်အောင်)က အမျိုးသားစာပေဆုရ လက်ာရည်ကျော်နှင့် စာပေဗိမာန်စာမူဆုရ သောင်းညွန့်သစ်တို့အားလည်းကောင်း၊ မြို့နယ်အတွင်း ကျင်းပခဲ့သော စာပေပြိုင်ပွဲများမှ ဆုရသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဂုဏ်ထူး ရရှိခဲ့သူများအား တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး ကိုရိုးကွန့်၊ ဒါရိုက်တာ ကြည်စိုးထွန်းနှင့် မောင်သာချို(ဂျက်-ကွမ်းခြံကုန်း)တို့က စာပေရေးရာများ ဟောပြောကြသည်။

(မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြပွဲပြိုင်ပွဲများကျင်းပ

ပုလဲ ဇန်နဝါရီ ၁၀

ပုလဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲ၊ စံပြမိခင်ဆုရွေးချယ်ပွဲ၊ အမြွာပြိုင်ပွဲ၊ မောင်၊ မယ်ပြိုင်ပွဲများနှင့် ကလေးငယ်များ ကာယစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်တွင် ပုလဲရတနာခန်းမနှင့် အထက်တန်းကျောင်းတို့၌ ကျင်းပရာ ပြိုင်ပွဲများအလိုက် ဆုရရှိကြသူများကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွမ်နှင့် အမှုဆောင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြံခင်းမြို့နယ် အလုံအုပ်စု အလုံမြောက်ကျေးရွာ ပညာအလင်းစာကြည့်တိုက် ပန္နက်တင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်း၊ အတွင်းရေးမှူး ဦးသန်းစိုးဦး၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်သူဇာ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးပြုံးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်ဦးတို့ ပန္နက်စိုက်ထူပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

၂၀၁၀ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

ဒေါက်တာအောင်စိုး(ခ)အောင်ကျော်မိုး

၂၀၁၀ခုနှစ် ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ၂၀၁၁ခုနှစ် ဇန်နဝါရီလ ၁၀ရက်မှ၁၄ရက်အထိကျင်းပရန် သတ်မှတ်ခဲ့ကြောင်း၊ ယခုနှစ်ညီလာခံတွင် သုတေသနစာတမ်းပေါင်း ၉၄စောင်၊ ပိုစတာစာတမ်း ၂၀နှင့် ဆွေးနွေးပွဲ (Symposium) ၁၃ခု ဖတ်ကြားတင်ပြဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းရှိ သုတေသီပညာရှင်များအပြင် နိုင်ငံခြားမှ ဧည့်သည်ပညာရှင်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများမှ ရရှိလာသည့် တွေ့ရှိချက်များကို စာတမ်းပြုစုပြီး နိုင်ငံတော်အစိုးရက ကမကထပြုလုပ်ကျင်းပပေးသည့် သုတေသနညီလာခံကြီးတွင် တင်သွင်းဖတ်ကြားခဲ့ခြင်းကို ၁၉၆၅ခုနှစ်ကတည်းက စတင်ခဲ့ပြီး ၁၉၇၄ခုနှစ်အထိ ဆေးသုတေသနစာတမ်းပေါင်း ၄၀၉စောင်ကို တင်သွင်းခဲ့ကြောင်းသိရှိရသည်။ ထို့အပြင် မြန်မာနိုင်ငံဆေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနဆွေးနွေးပွဲ ခေါင်းစဉ်ဖြင့် သီးသန့်ဆွေးနွေးပွဲများကို ၁၉၇၉ခုနှစ်၊ ၁၉၈၂ခုနှစ်၊ ၁၉၈၅ခုနှစ်၊ ၁၉၈၆ခုနှစ်နှင့် ၁၉၈၇ခုနှစ်တို့တွင် စုစုပေါင်းငါးကြိမ် ကျင်းပခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်မှစပြီး မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာစာတမ်းဖတ်ပွဲဟု ပြောင်းလဲခေါ်ဝေါ်ကျင်းပခဲ့ရာ ၁၉၉၉ခုနှစ်အထိ စာတမ်းဖတ်ပွဲပေါင်း (၁၂)ကြိမ်ကျင်းပနိုင်ခဲ့ပြီး သုတေသနစာတမ်းပေါင်း ၈၆၉စောင် တင်သွင်းခဲ့ကြောင်းလည်း သိရှိရသည်။ ၁၉၉၃ခုနှစ်မှစပြီး သုတေသနစာတမ်းအလိုက် အကောင်းဆုံးစာတမ်းများ ရွေးချယ်ပြီး ဆုများချီးမြှင့်ခြင်းဖြင့် အားပေးခဲ့သည်။ ၂၀၀၀ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ သုတေသနစာတမ်းပေါင်း ၇၈၉စောင် တင်ပြနိုင်ခဲ့ကြောင်းလည်း သိရှိရသည်။

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသည် ကျန်းမာရေးဆိုင်ရာ အခန်းကဏ္ဍအရပ်ရပ်မှ ပညာရှင်အမျိုးမျိုးတို့၏ လေ့လာတွေ့ရှိချက်များကို တင်ပြဆွေးနွေးသည့် ဆွေးနွေးပွဲဖြစ်သဖြင့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးအဆင့်ကိုမြှင့်တင်ရန် ဆောင်ရွက်နေကြသည့် ဦးစီးဌာနအားလုံး၊ ကျန်းမာရေးဝန်ထမ်း အားလုံးနှင့် သက်ဆိုင်သည့် ညီလာခံဖြစ်သည်။ အထောက်အထားများကိုအခြေခံပြီး မှန်ကန်သည့် သာဓကအခြေပြု ဆုံးဖြတ်ချက် (Evidence-based decision making) များ ချမှတ်ရန် သုတေသနပြုရှာဖွေတင်ပြပေးခြင်းသည် ဆေးသုတေသနဦးစီးဌာနများ၏ ပင်မတာဝန်ဖြစ်သကဲ့သို့ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအားလုံးကလည်း ပါဝင်ဆောင်ရွက်ကြရကြောင်း သိရှိရသည်။ မိမိပြည်တွင်း၌ လက်ဝယ်ရရှိပြီးဖြစ်သည့် ရောဂါကုထုံးများ၊ နည်းပညာများ အဆင့်မြင့်တိုးတက်လာအောင် လေ့လာဆောင်ရွက်သွားရေး၊ မရှိသေးသည့် ကုထုံးများ၊ နည်းပညာများကိုလည်း နိုင်ငံတကာအဆင့်မီ ရှာဖွေဖော်ထုတ်ရေး၊ စံနှုန်းသတ်မှတ်ရေးနှင့် မိမိနိုင်ငံနှင့် လိုက်လျောညီထွေရန် စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်ရေးစသည်များကိုလည်း ဆေးသုတေသနဦးစီးဌာနများက ကြိုးပမ်းဆောင်ရွက်နေကြောင်းလည်း သိရှိမှတ်သားရသည်။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းပြီး သက်တမ်းစေ့ကျန်းမာစွာ နေထိုင်နိုင်ရေး ရည်မှန်းချက်များ အောင်မြင်စေရန် ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ (Millennium Development Goals-MDGs) အောင်မြင်ရန် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေးတို့အတွက် ဆေးသုတေသနဦးစီးဌာနများက တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်မှာ အထင်အရှားပင်ဖြစ်သည်။ မွေးဖွားမိခင်သေနှုန်းကျဆင်းရေး၊ ငါးနှစ်အောက်ကလေးသေနှုန်း ကျဆင်းရေး၊ တစ်နှစ်အောက်ကလေးသေနှုန်း ကျဆင်းရေး၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ ငှက်ဖျားရောဂါ၊တီဘီရောဂါနှင့် အခြားကူးစက်ရောဂါများ ကျဆင်းရေး၊ ကူးစက်မဟုတ်သော နာတာရှည်ရောဂါများ ကျဆင်းရေး တို့ကို ရည်ရွယ်ပြီး ဆေးသုတေသနဦးစီးဌာနများက ဆောင်ရွက်လျက်ရှိသကဲ့သို့ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်၊ ဖန်လုံအိမ်အာနိသင်၊ ဓာတ်ငွေ့၊ စွန့်ပစ်ပစ္စည်းများ၊ ဓာတ်ကြွင်းများ၊ ပိုးသတ်ဆေးများ၏ အဆိပ်သင့်မှု၊ ကမ္ဘာ့လူတုပ်ကွေးရောဂါအပါအဝင် မရေမတွက်နိုင်သည့် ဘာသာရပ်များနှင့် သက်ဆိုင်သည့် လူသားအကျိုးပြု သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျန်းမာရေး သုတေသနစွမ်းရည် (Research Capability) ကို မြှင့်တင်လျက်ရှိရာ ကျန်းမာရေးအဆင့်မြှင့်တင်မှု၊ ရောဂါကြိုတင်ကာကွယ်မှု၊ ကုသမှု၊ ပြန်လည်ထူထောင်မှုဆိုင်ရာ အရည်အသွေးမြင့်မားရေး၊ ဆင်းရဲချမ်းသာမရွေး မျှမျှတတ ခံစားခွင့်ရရှိရေး စသည့်ကဏ္ဍများတွင် အပေါင်းလက္ခဏာရလဒ်များ ဖြစ်ထွန်းလာမည်မှာ အမှန်ပင်။ နိုင်ငံတော်က ဌာနအဆင့်၊ တစ်ဦးချင်းအဆင့်တို့၌ ကျန်းမာရေးသုတေသနစွမ်းရည်ကို မြှင့်တင်ပေးရာ၌ ဆေးသုတေသနဌာနများ၏ ဓာတ်ခွဲခန်း၊ စာကြည့်တိုက် စသည်များကို မြှင့်တင်ပေးသကဲ့သို့ သုတေသီတစ်ဦးချင်း၏ စွမ်းရည်ကို မြှင့်တင်ရာမှာလည်း ပြည်ပအဖွဲ့အစည်း အထောက်အပံ့ ယှဉ်ပြိုင်ရယူပြီး သုတေသနလုပ်ဆောင်ရန် အားပေးခြင်း၊ ပြည်ပသို့ ပညာတော်သင်စေလွှတ်ခြင်းများလည်း ပါဝင်ကြောင်းသိရှိရသည်။

ကျန်းမာရေးဆိုင်ရာ သုတေသနများကို အခြေခံကျန်းမာရေး သုတေသန (Basic Health Research)၊ လက်တွေ့အသုံးချကျန်းမာရေးသုတေသန (Applied Health Research)၊ ကျန်းမာရေးစနစ်သုတေသန (Health Systems Research)ဟု အကြမ်းဖျင်း သုံးမျိုးခွဲခြားနိုင်ကြောင်း ပညာရှင်များ သိရှိပြီးဖြစ်သည်။ အခြေခံကျန်းမာရေးသုတေသနများမှာ မြန်မာနိုင်ငံ၌ စတင်ဆောင်ရွက်ခြင်း မရှိနိုင်သေးသည့် ရောဂါရှာဖွေကုသရေး၊ ရောဂါ ကာကွယ်ရေးဆိုင်ရာနည်းပညာများ စတင်အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြု ဆောင်ရွက်လျက်ရှိသည်။ ရှိရင်းစွဲ နည်းပညာများကို ကုန်ကျစရိတ်သက်သက်သာသာနှင့် ထိထိရောက်ရောက်ဖြစ်စေရန် တီထွင်ပြုလုပ်ရာမှာလည်း အခြေခံကျန်းမာရေးသုတေသနများသည် အရေးပါလှသည်။

လက်တွေ့အသုံးချကျန်းမာရေးသုတေသနမှာ မိမိပြည်တွင်း၌ ရရှိထားသည့် ရောဂါကာကွယ်ရေး၊ ရောဂါရှာဖွေကုသရေး နည်းပညာများကို မိမိနိုင်ငံ၏ ဦးစားပေး ကျန်းမာရေးပြဿနာများဖြေရှင်းရာတွင် ပြည်သူလူထုအတွင်း အံဝင်ခွင်ကျ အသုံးချနိုင်မည့်အခြေအနေများကို သုတေသနပြုလုပ် အဖြေထုတ်ခြင်းပင်ဖြစ်သည်။ လက်တွေ့အသုံးချ ကျန်းမာရေးသုတေသန အမျိုးအစားတစ်ခုခု ခေါ်ဆိုလို့ရသည့် ကျန်းမာရေးစနစ်သုတေသနမှာမူ ဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၏ ထိရောက်မှုများ၊ အရည်အသွေးများ၊ စွမ်းဆောင်ရည်များကို တိုင်းတာလေ့လာပြီး ပြုပြင်ဆောင်ရွက်ရန် လိုအပ်သည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်သည့် သုတေသနပင်ဖြစ်သည်။ ဤသုတေသန ကဏ္ဍကြီး သုံးခုစလုံးကို နိုင်ငံတော်၏ ကျန်းမာရေးအဆင့် မြင့်မားရေးအတွက် ဟန်ချက်ညီညီ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြင်တွေ့နိုင်သည်။ အဓိကကျသည့်အချက်က နိုင်ငံတော်၏ ဦးစားပေး ကျန်းမာရေးပြဿနာများ ဖြေရှင်းနိုင်ရေးကို ဦးတည်ဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။ နိုင်ငံတော်၏ ဦးစားပေး ကျန်းမာရေးပြဿနာများသည် သုတေသနလုပ်ငန်းအားလုံးအတွက် သုတေသနနယ်ပယ် (Research Area) များပင်ဖြစ်သည်ဟု ဆိုပါသည်။

နိုင်ငံတော်၏ ဦးစားပေးကျန်းမာရေး စောင့်ရှောက်မှုများတွင် ရှိနိုင်သည့် ပြဿနာများထဲမှ -

(က)တိုင်းရင်းဆေးပညာ (ခ)အာဟာရ (ဂ)မြွေကိုက်ရောဂါ (ဃ)ငှက်ဖျားရောဂါ (င)သွေးလွန်တုပ်ကွေးရောဂါ စသည်တို့ကို စာဖတ်ပရိသတ်များအတွက် ရွေးချယ်တင်ပြရန် လိုအပ်မည်ဟု ယူဆပါသည်။ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ရရှိခဲ့သည့် အောင်မြင်မှုအများအပြားထဲမှ အထက်ဖော်ပြပါ ဘာသာရပ် ငါးခုအား တစ်ခုချင်းတင်ပြသွားမည်ဖြစ်ပါသည်-

(က) **<u>တိုင်းရင်းဆေးပညာ။</u>** ရောဂါကြီးခြောက်မျိုးဖြစ်သည့် သွေးတိုးရောဂါ၊ တီဘီရောဂါ၊ ဆီးချို သွေးချိုရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် ငှက်ဖျား ရောဂါများ ကုသရန်အတွက် တိုင်းရင်းဆေးများ အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သည်။ သာဓကအားဖြင့် ဆီးချိုသွေးချိုရောဂါအတွက် ကြက်ဟင်းခါးသီးမှ ဆေးထုတ်လုပ်ခြင်း၊ ဝမ်းကိုက်ရောဂါအတွက် ရာတန်စေ့မှ ဆေးထုတ်လုပ်ခြင်း၊ ငှက်ဖျားရောဂါအတွက် ငဖုန်းဆေး၊ ပန်းခါးဆေးများထုတ်လုပ်ခြင်း အပါအဝင် ဆေးယဉ်ပါး တီဘီရောဂါကို တိုင်းရင်းဆေးဖြင့်ကုသသည့် သုတေသနလည်း အောင်မြင်မှုရရှိနေကြောင်း သိရှိရသည်။

(ခ) **<u>အာဟာရ။</u>** လည်ပင်းကြီးရောဂါကာကွယ်ရန် ဆားတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုတိုင်းတာသည့် Test Kit တီထွင်၍တိုင်းဒေသကြီးများနှင့် ပြည်နယ်အလိုက်တိုင်းတာခြင်း၊ အိုင်အိုဒင်းဆားတွင် အိုင်အိုဒင်း ပါဝင်မှုကို Titration နည်းပညာဖြင့် စောင့်ကြပ်ကြည့်ရှုနိုင်ရေး၊ အာဟာရအဖွဲ့များအား ပညာပေးခြင်း၊ ဆားစက်ရုံပိုင်ရှင်များအား အိုင်အိုဒင်းဓာတ် ကျန်းမာရေးအတွက် အရေးပါပုံ လက်ကမ်းစာစောင်များ ဝေငှကာ သင်တန်းပေး၍ ပညာပေးခြင်း၊ တစ်နေ့တာ စားသုံးသော အစားအစာများမှ သံဓာတ်ပမာဏကို လေ့လာခြင်း၊ သံဓာတ်စုပ်ယူမှုတွင် ဟန့်တားသော အစားအစာများ၊ အားပေးသောအစားအစာများမှ သံဓာတ်ရရှိမှုကို လေ့လာခြင်း၊ လက်ဖက်ရည်ကြမ်းကို အစားအစာနှင့် တွဲသောက်လျှင် သံဓာတ်စုပ်ယူမှုကို ဟန့်တားမှုဖြစ်စေခြင်း စသည့် အများပြည်သူအတွက် လက်တွေ့ကျကျ အကျိုးခံစားမှုရရှိစေမည့် သုတေသနရလဒ်များလည်း ပါဝင်ကြောင်း သိရှိရသည်

(ဂ) **<u>မြွေကိုက်ရောဂါ။</u>** မြွေကိုက်သုတေသနလုပ်ငန်းကို လွန်ခဲ့သည့်နှစ်(၃၀)ကျော်ကတည်းက ရှုထောင့်အမျိုးမျိုးမှ သုတေသနပြုလုပ်ခဲ့သည်။ အရပ်ဒေသအလိုက် မြွေပွေးဆိပ်၏ ဇီဝဂုဏ်သတ္တိများ ပြောင်းလဲခြင်း၊ မြွေတစ်ကြိမ်ပေါက်လျှင် မြွေဆိပ်ထွက်ရှိမှုပမာဏ၊ မြွေကိုက်ခံရသူ၏သွေးတွင်းရှိ မြွေဆိပ်ဝင်ရောက်မှုပမာဏ တိုင်းတာခြင်း၊ မြွေဆိပ်ဖြေဆေး၏ ချေဖျက်စွမ်းအား စမ်းသပ်ခြင်း၊ ရှေးဦးသူနာပြုနည်းသစ်-အဝတ်ထုံးကျပ်စည်းနည်းတီထွင်ခြင်း၊ မြွေကိုက်ခံရမှုမှ ကာကွယ်နိုင်ရန် မြွေစွယ်မထိုးဖောက်နိုင်သော ကာကွယ်ဖိနပ်တီထွင်ခြင်း၊ လျှပ်စစ်မီးမရှိသေးသည့် ကျေးရွာများတွင် မြွေဆိပ်ဖြေဆေးသိုလှောင်နည်းတီထွင်ခြင်း၊ မြွေဆိပ်ဖြေဆေးကို ဆိတ်များနှင့် လည်းကောင်း၊ ဥစားကြက်မများ၏ ကြက်ဥနှစ်တွင်းမှလည်းကောင်း မြွေပွေးဆိပ်ဖြေဆေးထုတ်လုပ်ခြင်း စသည့်သုတေသနများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

(ဃ) **<u>ငှက်ဖျားရောဂါ။</u>** ၁၉၈၀ပြည့်နှစ်မှစ၍ ငှက်ဖျားပိုးကို ဓာတ်ခွဲခန်းတွင်း မွေးမြူခြင်း၊ ဒေသအလိုက် ငှက်ဖျားပိုးများ၏ ဆေးယဉ်ပါးမှုကို စဉ်ဆက်မပြတ်လေ့လာဖော်ထုတ်ခြင်း၊ ၂၀၀၂ခုနှစ်မှစ၍ ဆေးတွဲပေး ကုသမှုစနစ်ကျင့်သုံးရေး သုတေသနများ ဆောင်ရွက်ခြင်း၊ ငှက်ဖျားဆေး အရည်အသွေးတိုင်းတာခြင်း၊ ဆေးစိမ်ခြင်ထောင်များ၏ ထိရောက်မှုအား ဖော်ထုတ်ခြင်း၊ ခြင်ပေါက်ဖွားရာ ရေတွင်းမှ ခြင်၏အဝေးဆုံး ပျံသန်းနိုင်မှု (Flight Range) ကို တွက်ချက်ခြင်း စသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

(င) **<u>သွေးလွန်တုပ်ကွေးရောဂါ။</u>** သွေးလွန်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးမျိုးကွဲများ၏ ရောဂါပြန့်ပွားမှုဖြစ်စဉ်ကို မော်လီကျူး နည်းပညာဖြင့်လေ့လာခြင်း၊ သွေးလန့်ခြင်းကို စောစီးစွာ ဖော်ပြသော လက္ခဏာများ ဖော်ထုတ်ခြင်း၊ ခြင်သားလောင်းများနှင့် ပိုးလောက်လမ်းများကို ဇီဝနည်းပညာဖြင့် ပုစဉ်းသားလောင်း၊ ငါးထိပ်ကွက်ငါးနှင့် ဒေါင်းငါးတို့ကို အသုံးပြု၍ နှိမ်နင်းခြင်း၊ ခြင်သားလောင်း ၈၅ရာခိုင်နှုန်းကို ငါးမိနစ်အတွင်း လောက်လမ်းဖမ်းပိုက်ကွန် အသုံးပြု၍ ကြိုတင်ကာကွယ်ခြင်း စသည့် အောင်မြင်မှုများကို ဖော်ပြခြင်း၊ ဆေးသုတေသနဦးစီးဌာနများ၏ လူထုအကျိုးပြုလုပ်ငန်းများကို စုစည်းရှာဖွေလေ့လာဂုဏ်ပြုတင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၁-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၁၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၇။ အင်္ဂလိပ်စာသုတ
- ၄း၂၅ ၈။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၉။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၆)
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၄။ သူတို့နှင့်သူတို့အကြိုက်
- ၆း၃၀ ၁၅။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိပ်မက်ကောင်းကင်** (အပိုင်း-၂၂)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ဟာသရုပ်စုံ
- ၂၂။ မွေးမြူသုတ
- ၂၃။ သီချင်းလက်ဆောင်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်းအလှနှင့်ဘဝကဗျာ** (အပိုင်း-၂၄)
- ၂၆။ Mini Series

ဒီဇင်ဘာ ၃၁ရက်ကကျင်းပသော (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲဆုပေးပွဲအခမ်းအနားတွင် အမြှာပူးဆုရရှိသူတစ်ဦးအား ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော် ဆုပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အသံလွှင့်အနုပညာစာအုပ်ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇန်နဝါရီ ၁၀

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ နှစ်ပေါင်း ၃၀ကြာတာဝန်ထမ်းရွက်ခဲ့သည့် အတွေ့အကြုံများကို အခြေခံကာ စာရေးဆရာ ကိုဖိုးအေး (မြန်မာ့အသံ)က ၎င်း၏ **အသံလွှင့်အနုပညာ** အမည်ရှိစာအုပ်တွင် ရုပ်သံလွှင့်ပညာရပ်ဆိုင်ရာ မှတ်သားစရာများကို ပြုစုတင်ပြထားသည်။

လေ့လာနိုင်

အသံလွှင့်နည်းပညာကို အနုပညာဖြင့်ပေါင်းစပ်ပြီး ရသမြောက်အောင် မည်ကဲ့သို့ ဖန်တီးရမည်ကို **အသံလွှင့် အနုပညာ** စာအုပ်တွင် လေ့လာနိုင်မည်ဖြစ်သည်။ မျိုးဆက်သစ် အသံလွှင့်သမားများ၊ ဝါသနာရှင်များ၊ ရုပ်သံလွှင့်လုပ်ငန်း၌ လုပ်ကိုင်လိုသူများအတွက် နည်းလမ်းကောင်းများကို အဆိုပါစာအုပ်တွင် ရှင်းလင်းစွာ ဖော်ပြထားသည်။

စာပေအနုပညာနှင့် အသံလွှင့်အနုပညာတို့ကို တင်ပြထားပြီး အသံလွှင့်သဘောတရားကို စိတ်ဝင်စားဖွယ်ကောင်းလောက်အောင် ဖော်ပြထားသည်။

ရှင်းလင်းတင်ပြ

အသံနှင့်ပတ်သက်၍ မြန်မာမှုဆိုင်ရာ နည်းစနစ်များ၊ အနုပညာသမားဖြစ်သော အသံလွှင့်သမား(Broadcaster) တစ်ဦး လှုပ်ရှားရသည့် နည်းဗျူဟာများကို ရှင်းလင်းတင်ပြထားသည်။

ဟောပြောသူများ၊ စာပေပို့ချသူများ၊ ဆွေးနွေးသူများ၊ သရုပ်ဆောင်များ၊ အဆိုတော်များအတွက် အသံထွက်မှန်အောင်ပြောနိုင်ရန် နည်းပေးထားသည်။ ယင်းစာအုပ်တွင် ကဏ္ဍ၂၁ခု ပါရှိပြီး အသံလွှင့်အနုပညာ၊ အသံလွှင့်အနုပညာမျိုးဆက်များ၊ ဖန်တီးသူနှင့်ခံစားသူ၊ အသံလွှင့်ဟောပြောချက်၊ အသံလွှင့်အပြောစကားပြေ၊ အသံလွှင့်သတင်း၊ သတင်းစာအာဘော်နှင့် မြန်မာ့အသံ၊ အသံလွှင့်အင်တာဗျူး၊ ပြင်ပအင်တာဗျူး၊ အသံလွှင့်ဇာတ်လမ်း၊ မြန်မာစကား အသံထွက်၊ အသံလွှင့်ဆရာကြီးများ၏ အသံအကြောင်း အဆိုအမိန့်၊ ရေးတော့အမှန် ဖတ်တော့အသံ စကားလုံးများ၊ မြန်မာဗျည်းများနှင့် ပါဠိသက် ဝေါဟာရများ၊ အသံထွက်ပုံ၊ အသံတည်းဖြတ်သည့်လုပ်ငန်း အခြေခံ၊ အသံလွှင့်မီဒီယာ၊ ပျော်စရာ ရွှင်စရာ ဤမီဒီယာ၊ အသံလွှင့် အစီအစဉ် ကြေညာသူတို့ဖြစ်သည်။

အသံလွှင့် အနုပညာ စာအုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက် ဖုန်း-၇၃၀-၃၆၈၄၉ က တန်ဖိုးငွေကျပ် ၂၇၀၀ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲ
ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ အမှာစကားပြောကြား

အမှာစကားပြောကြား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံဖွင့်ပွဲ၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၀

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေတက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ဌာနေကိုယ်စားလှယ်နှင့် UNICEF နှင့် JICA တို့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုတေသီပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်တင်ငွေသည် အဖွဲ့ဝင်များနှင့်အတူ သုတေသန ပိုစတာပြပွဲနှင့် ညီလာခံအတွင်း ခင်းကျင်းပြသထားသည့် ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် တာဝန်ရှိသူများ၊ သုတေသီပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၁-၂၀၁၁ (အင်္ဂါနေ့)
၁၃၇၂ခုနှစ် ပြာသိုလဆန်း ၇ရက်
(အဖိတ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၀၀ ၇။ အကပြိုင်ပွဲ
- ၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၂၅ ၉။ **အမှန်ထင်နေသောအမှား**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၃၅ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅:၂၅ ၈။ **ကြယ်စင်ဥယျာဉ်**
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၂။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၃။ စန္ဒရားလှထွတ်၏ အမှတ်တရတေးများ
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ရယ်စရာဟာသများ**
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (ပထမပိုင်း) (အပိုင်း-၂၃)
- ၁၉။ **ရုပ်ရှင်ပဟေဠိ**

လွတ်လပ်ရေးနေ့ဂုဏ်ပြု စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မူဆယ် ဇန်နဝါရီ ၁၀

မူဆယ်ခရိုင် မုံးကိုးမြို့နယ် ဟေမိုးလုံကျေးရွာတွင် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီက ကျင်းပရာ မူဆယ်ခရိုင် ဥက္ကဋ္ဌ ဦးမိုးဟိန်း၊ ခရိုင် အတွင်းရေးမှူး ဦးခင်မောင်ဦး၊ ပြန်/ဆက် ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် ကျေးရွာရပ်မိရပ်ဖ ဦးသိန်းအောင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အလင်းရောင်စာကြည့်တိုက်သို့ မူဆယ်ခရိုင်ဥက္ကဋ္ဌဦးမိုးဟိန်းက ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၃၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုခန့်က ငွေကျပ် ၄၀၀၀၀တန်ဖိုးရှိ စာအုပ်မျိုးစုံ ၁၀၀၊ ခရိုင်၊ မြို့နယ်ပြန်/ဆက်တို့မှ စာအုပ်စာစောင် ၂၀၀၊ ခရိုင်စိုက်ပျိုးရေးနှင့် နှစ်ရှည်ပင်လုပ်ငန်းမှ လယ်ယာစီးပွားဂျာနယ်အစောင် ၅၀၊ ဦးမင်းနွယ်မှ ဂျာနယ်စုံ အစောင် ၅၀၊ မုံးကိုးမြို့နယ်ဌာနဆိုင်ရာများမှ စာအုပ်မျိုးစုံ ၃၅၀တို့ကို လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်တင်မာမျိုးက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးဆပ်ကော်မတီ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲ အခမ်းအနားများ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးဆပ်ကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများ ကြိုတင်ပြင်ဆင် လေ့ကျင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဦးခင်အောင်မြင့် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲ အခမ်းအနားများ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ဆပ်ကော်မတီ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

အစည်းအဝေးတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများတွင် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး စီမံချက်ကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီအဖွဲ့ဝင်များက ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက်ဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးကနိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ပဲခူးတိုင်းဒေသကြီးတွင်နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၁၁ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးရွာပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ထူးခြားသည့် ညအပူချိန်များ

၁၀-၁-၂၀၁၁

ပူတာအိုမြို့
၄ ဒီဂရီစင်တီဂရိတ်
မချမ်းဘောမြို့
၆ ဒီဂရီစင်တီဂရိတ်
ကသာမြို့
၇ ဒီဂရီစင်တီဂရိတ်

မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၀ရက် နံနက် ၉နာရီခွဲအချိန် တိုင်းထွာချက်များအရ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ကျောက်ဖြူ	၇၅	၂.၉၅	၃၅	၁.၃၈	၄-၁-၁၉၆၁	၄၆
၂။	အောင်လံ	၂၀	၀.၇၉	၆	၀.၂၄	၂၇-၁-၁၉၈၇	၂၆

(သတင်းစဉ်)

ဆရာ၊ ဆရာမများ နိုင်ငံတော်သစ်တည်ဆောက်ရာ၌ ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်
ကျောင်းသား ကျောင်းသူများ အမျိုးသားရေး အခြေခံကောင်းများ ဆက်လက်မြှင့်တင်ထိန်းသိမ်း
နိုင်ငံတော်နှင့် နိုင်ငံသားတို့ လုံခြုံမှုရှိအောင်ကာကွယ်မည့် အသိတရားများ သိမြင်လာရေး လေ့ကျင့်ပျိုးထောင်

ရန်ကုန် ဇန်နဝါရီ ၁၀

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှမြင့်ဦးနှင့် ဦးဝင်းအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်သစ်နှင့် လိုက်လျောညီထွေရှိမည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်းလုံးညီညွတ်မှု အခြေခံကောင်းများကို ဖော်ဆောင်ပေးလျက်ရှိပြီး တစ်ချိန်တည်းတွင် မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်းကြောင်းနှင့် ကိုက်ညီသည့် ဒီမိုကရေစီလမ်းကြောင်းအား နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အဆင့်ဆင့် ဖော်ဆောင်လျက်ရှိရာ ပဉ္စမအဆင့် ပြီးမြောက်အောင်မြင်ခဲ့ပြီးဖြစ်သကဲ့သို့ ကျန်ရှိသည့်အဆင့်များကိုလည်း အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းနှင့်အတူ မကြာမီ မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိတော့မည် ဖြစ်ကြောင်း။

တွန်းလှန်တိုက်ထုတ်

မိမိတို့နိုင်ငံသည် နှစ်ပေါင်းထောင်ချီခဲ့သော သမိုင်းကြောင်းနောက်ခံနှင့်အတူ ထုထည်ကြီးမားသည့် ယဉ်ကျေးမှုအမွေအနှစ် အစဉ်အလာများကို ပိုင်ဆိုင်ထားပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် သီးခြားရပ်တည်နိုင်ခဲ့သည့် နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့နိုင်ငံ၏ အချက်အချာကျသည့် ပထဝီဝင်တည်နေရာ အနေအထားနှင့် ကြွယ်ဝသည့် သဘာဝသယံဇာတအရင်းအမြစ်များကို ရယူပိုင်ဆိုင်ရေးအတွက် ကျူးကျော်လာခဲ့သော အန္တရာယ်မှန်သမျှကို တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှုနှင့် တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည့် အမျိုးသားရေး အစဉ်အလာနှင့် ပြည့်စုံသည့်နိုင်ငံလည်းဖြစ်ကြောင်း။

ယခုကဲ့သို့ သမိုင်းကြောင်းတစ်လျှောက် အရည်အသွေးပြည့်ဝသည့် အမျိုးသားရေးအစဉ်အလာများနှင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့သောကြောင့်လည်း ကမ္ဘာ့နိုင်ငံများအလယ်တွင် အင်အားတောင့်တင်းခိုင်မာသောနိုင်ငံအဖြစ် ဂုဏ်သိက္ခာကြီးမားစွာ ရပ်တည်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ဘိုးဘွားစဉ်ဆက် ရယူထိန်းသိမ်းခဲ့သော အမျိုးသားရေးအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး မျက်မှောက်ခေတ် မိမိတို့ကာလတွင်လည်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ပြည့်စုံသည့် ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးသည် တိုင်းရင်းသားအားလုံး၏ အမျိုးသားရေး တာဝန်ပင်ဖြစ်ကြောင်း။

လမ်းညွှန်မိန့်ကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်ရာတွင် နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေခြင်းမှာ မိမိနိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခြင်းသာမက နိုင်ငံတော်နှင့် နိုင်ငံသားတို့ကိုပါ လုံခြုံမှုရှိအောင် ကာကွယ်နိုင်စွမ်းရှိသည်ဆိုသည့် အသိတရားနှင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း”** လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံသားအားလုံးနှင့်အတူ မိမိတို့ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သည်သာမက မိမိတို့ တပည့် ကျောင်းသား ကျောင်းသူများကိုလည်း ခေတ်မီနိုင်ငံတော်သစ်ကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယခုရရှိထားသည့် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး စသည့် အမျိုးသားရေးအခြေခံကောင်းများကို အရှိန်အဟုန်မပျက် ဆက်လက်မြှင့်တင်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို လုံခြုံမှုရှိအောင် ကာကွယ်စောင့်ရှောက်သွားမည်ဆိုသည့် အသိတရားများ သိမြင်ခံယူလာစေရေး လေ့ကျင့်ပျိုးထောင်ကြရမည်ဖြစ်ကြောင်း။

စဉ်ဆက်မပြတ်

ယခုကဲ့သို့ ကျောင်းသား ကျောင်းသူ လူငယ်များကို အမျိုးသားရေးအသိအမြင် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများအား ငယ်ရွယ်စဉ်ကစပြီး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးနိုင်သည်နှင့်အမျှ အနာဂတ်နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်မြင့်မားသော အဖိုးထိုက်ရတနာသားကောင်း သမီးမွန်များ ပေါ်ထွန်းလာပြီး အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက်များလည်း ပြီးမြောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် ယခုတက်ရောက်မည့် သင်တန်းတွင် နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ အနာဂတ်ကို မျှော်မှန်းသည့် တိုင်းကျိုးပြည်ပြု ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ အခြေခံများ တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ပညာရည်မြင့်မားသည့်လူမျိုးများအဖြစ် ထာဝရရပ်တည်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်မှုများကို အမျိုးသားရေးရှုထောင့်မှသိမြင်ပြီး ခေတ်မီနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပညာရည် မြင့်မားရေးတို့တွင် မိမိတို့ပါဝင်ဆောင်ရွက်ကြရမည့် တာဝန်များကို လေးနက်စွာ ခံယူကျင့်သုံးလာနိုင်မည်ဖြစ်သည့်အတွက် သင်တန်းကာလတစ်လျှောက် သင်ကြားပို့ချမှုများအား အလေးအနက်ထား လေ့လာမှတ်သားသွားကြရန် တိုက်တွန်းမှာကြားသွားသည်။

အဆိုပါသင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၁၅၀၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှာစကား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟို ဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၄) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ကိုယ့်ကိုကိုယ်သာအားကိုးပါ** တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)]
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၉)
- ၈:၃၅ ၁၉၇၄-၁၉၇၈ခုနှစ် ရူပဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ
- ၈:၅၀ Activities in the City [KALBE International (Yangon Branch)မှ ကျင်းပပြုလုပ်သည့် ဆရာဝန်ကြီးများအား ဂါရဝပြု မိတ်ဆုံစားပွဲ]
- ၉:၀၅ Wedding Season ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့
- ၉:၂၀ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏(၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အခမ်းအနား
- ၉:၄၀ Cartoon Show Time (Horton Hears A Who!)
- ၁၀:၀၅ Celebrity Style (ဇေယျ)
- ၁၀:၄၅ လုပ်သားကောလိပ်ဓာတုဗေဒ မိသားစုအဌမအကြိမ် အာစရိယပူဇော်ပွဲ
- ၁၀:၅၅ International Show Biz
- ၁၁:၁၅ သင်ကြားရေးလမ်းညွှန် (YIUS Pre-University Level Studies)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (Myanmar Book Centre ၏ C.E.O ဒေါက်တာ သန့်သော်ကောင်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၂:၂၅ သာသနာအကျိုးရွက်သယ်ပိုးရာ မြတ်သောအလှူတော်မင်္ဂလာ
- ၁၂:၄၀ ရန်ကုန်မြင်ကွင်းကျယ် (ဒုတိယအကြိမ်နှစ်သစ်ကို အလှူလေးနဲ့ကြို) (Shoe Gallery)
- ၁၂:၅၅ သမထကျင့်စဉ်လမ်းဆက်ထွင် ဝိပဿနာမဂ္ဂင်
- ၁:၀၀ **ကိုယ့်ကိုကိုယ်သာအားကိုးပါ** တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)]
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရွှေမင်းသား သို့မဟုတ် နှလုံးသားထက်မြက်သူ
- ၂:၄၅ တေးဂီတအစီအစဉ်
- ၃:၀၀ Activities in the City [အထက(၂) ကြည့်မြင်တိုင် အာစရိယပူဇော်ပွဲအခမ်းအနား]
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၂)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၉)
- ၄:၄၅ ရန်ကုန်မြင်ကွင်းကျယ် (The Launching Ceremony of Orthopaedic Instrument and Implants of Pitkar Orthotool Pvt Ltd)
- ၅:၀၀ The Champion of Dance
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Wedding Season ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့
- ၆:၃၅ ဟိုတယ်လမ်းညွှန် (The Grand Four Wings Convention Hotel)
- ၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၃၃)
- ၇:၂၅ Celebrity Choice (ရတနာမိုင်)
- ၇:၅၀ စင်ထရယ် အထက(၁)လသာ ကျောင်းသားဟောင်းများ၏ (၁၈)ကြိမ်မြောက်အာစရိယပူဇော်ပွဲ
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အနုပညာမိုးကောင်းကင်
- ၈:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၀)
- ၁၀:၀၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ)
- ၁၀:၄၅ တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
- ၁၁:၁၀ World of Knowledge (CYVERLAND)
- ၁၂:၀၀ ရသစုံစွာတေးအလင်္ကာ
- ၁၂:၂၀ Mega Star Talk (ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၂:၄၅ မြန်မာစာ၊ မြန်မာစကား
- ၁:၀၀ Box Office Movies (300)
- ၁:၂၀ **နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
- ၁:၃၀ သီးနှံစိုက်ပျိုးအထွက်တိုး **စားသုံးဆီဖူလုံဖို့မြေပဲ အထွက်တိုးအောင်စိုက်ကြစို့**
- ၁:၄၀ Celebrity Profile (Jet Li)
- ၂:၁၀ ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှုအန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၂:၃၅ မြန်မာမှုလက်ရာပန်းတဉ်းပညာ
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
- ၄:၁၅ မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
- ၄:၄၅ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး(တစ်ခုပညာကိုယ်စီပါ)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ၁ရက်က ရေကြည်မြို့နယ်ရှိ အောင်ဆန်း ၁၀လမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးစံလှိုင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်သန်းနှင့်လမ်းကော်မတီဝင်ဦးမောင်မြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လှိုင်မြို့နယ် အမက(၄)လှိုင်၌ ၂၀၀၉-၂၀၁၀ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆုပေးပွဲနှင့် အကပဒေသာပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ စတုတ္ထတန်းမှ ရန်ကုန်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲ ဒုတိယဆုရရှိသူ မောင်စောအဲလ်ကျော်ကျော်အား ဆရာမကြီး ဒေါ်ခင်နှင်းလှိုင် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရာသီအကြိုပြင်ဆင်မှုတွေနဲ့အတူ စိတ်ဝင်စားစရာကောင်းနေတဲ့ ၂၀၁၁ MNL အမှတ်ပေးပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

အမှတ်ပေးပြိုင်ပွဲတွင် ရတနာပုံအသင်း နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ခြင်း၊ ရှုံးထွက်ပြိုင်ပွဲမှာ ဥသျှောင်ယူနိုက်တက်အသင်းခြေစွမ်းပြပြီး ချန်ပီယံဖြစ်ခဲ့ခြင်းနဲ့အတူ ကန့်လန့်ကာချခဲ့တဲ့ MNL ပြိုင်ပွဲဟာ မကြာခင် ပရိသတ်ရှေ့မှောက်ကို ပြန်လည်ရောက်ရှိလာတော့မှာပါ။ ၂၀၁၁ရာသီ MNL ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ရက်မှာ အမှတ်ပေးပြိုင်ပွဲနှင့်အတူ စတင်မှာပါ။

အခု ၂၀၁၁ MNL ပြိုင်ပွဲက တော့ ထူးခြားမှုတွေရှိနေပြီး ပြိုင်ပွဲဝင် အသင်းအရေအတွက် ၁၁သင်းမှ ၁၂သင်းသို့ တိုးသွားခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဒယ်လ်တာယူနိုက်တက်အသင်းဟာ ပိုင်ရှင်

၂၀၁၀ MNL အမှတ်ပေးချန်ပီယံအဖြစ် အောင်ပွဲခံခဲ့သော ရတနာပုံ F.C။

အသစ်ပြောင်းလဲပြီး အသင်းအမည်ပါ ဧရာဝတီယူနိုက်တက်သို့ ပြောင်းလဲသွားခဲ့တာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဟာ ၂၀၁၁ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်တွေကို ထုတ်ပြန်ထားပြီဖြစ်ပြီး ဇန်နဝါရီ ၁၅ရက်မှ ဇွန် ၁၃ရက်အထိ ကျင်းပမှာပါ။ အိမ်ကွင်းရှိတဲ့ ရန်ကုန်ယူနိုက်တက်အသင်း၊ ရတနာပုံအသင်း၊ ကမ္ဘောဇအသင်းနဲ့ ဇေယျာရွှေမြေ အသင်းတို့ကတော့ သူတို့ရဲ့ပွဲစဉ်တွေကို အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် အိမ်ကွင်းမရှိသေးတဲ့အသင်း ရှစ်သင်းကတော့ သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းကို အိမ်ကွင်းအဖြစ် သတ်မှတ်ပြီး ကစားရမှာပါ။ မဲနှိုက်မှုအရ နေပြည်တော် F.C၊ ဆောက်သမ်းမြန်မာ F.C၊ ရက္ခပူရယူနိုက်တက်နဲ့ မကွေး F.C တို့က သုဝဏ္ဏကွင်း၊ ဧရာဝတီယူနိုက်တက်၊ မနောမြေ F.C၊ ဇွဲကပင်ယူနိုက်တက်နဲ့ ဥသျှောင်ယူနိုက်တက်တို့က အောင်ဆန်းကွင်းတို့ကို အိမ်ကွင်းအနေနဲ့ ကစားရမှာပါ။

ပွဲစဉ်များဆွဲထားမှုအရ ပွဲဦးထွက် ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၅ရက်မှာ နေပြည်တော် F.C နှင့် ရန်ကုန်ယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်နှင့် မကွေးF.Cတို့ စတင်ကစားရမှာပါ။ လက်ရှိချန်ပီယံရတနာပုံအသင်းကတော့ အသင်းသစ် ရက္ခပူရယူနိုက်တက်နဲ့ ဇန်နဝါရီ ၁၇ရက်မှာ ကစားရမှာပါ။ MNL ရဲ့ အစဉ်အလာကြီးမားတဲ့ ပြိုင်ဘက်နှစ်သင်းဖြစ်တဲ့ ရတနာပုံ F.C နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကတော့ ပွဲစဉ်(၂)မှာပဲ စောစီးစွာ တွေ့ဆုံနေပြီး ဇန်နဝါရီ ၂၂ရက်မှာ ဗထူးကွင်းမှာ ကစားရမှာပါ။ ပြီးခဲ့တဲ့ ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲတုန်းက ချန်ပီယံဆုအတွက် နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ကစားခဲ့ရတဲ့ ဇေယျာရွှေမြေအသင်းနဲ့ ရတနာပုံအသင်းကတော့ ပွဲစဉ်(၁၁)မှ တွေ့ဆုံမှာဖြစ်ပြီး မုံရွာကွင်းတွင် ကစားရမှာဖြစ်ပါတယ်။

၂၀၁၀ MNL ပြိုင်ပွဲအပြီးမှာတော့ ကလပ်အသင်းအချို့က နည်းပြတွေနဲ့ ကစားသမားအချို့ဟာ ပရော်ဖက်ရှင်နယ်ဘောလုံးလောကမှ အနားယူပြီး မိခင်ဝန်ကြီးဌာနကို ပြန်ခဲ့ပါတယ်။ ဝန်ကြီးဌာနပြန်တဲ့ နည်းပြလေးဦး၊ ကစားသမား ၁၄ ဦးရှိခဲ့ပြီး အဲဒီအထဲမှာ ဇွဲကပင်နည်းပြချုပ်ဦးဌေးမြင့်၊ ကမ္ဘောဇအသင်းခေါင်းဆောင်စိုးမြတ်မင်း၊ မကွေးF.C အသင်းခေါင်းဆောင် လွင်ဦး၊ ရတနာပုံ F.C က အောင်ကျော်မိုးနဲ့ ထွန်းထွန်းဝင်း၊ ရန်ကုန်ယူနိုက်တက်က အောင်အောင်ဦးနဲ့ ကျော်သူရတို့လို နာမည်ကြီးကစားသမားတွေ ပါဝင်ခဲ့ပါတယ်။ အဲဒါကြောင့် လာမယ့်ရာသီမှာ နာမည်ကြီးကစားသမားအချို့ရဲ့ ပုံရိပ်တွေကို တွေ့မြင်ရတော့မှာ မဟုတ်ပေမယ့် သူတို့နေရာမှာ အစားထိုးဝင်ရောက်ကစားမယ့် လူငယ်ကစားသမားတွေသာ ခြေစွမ်းပြနိုင်ခဲ့ရင်တော့ မြန်မာဘောလုံးလောကအတွက် ကောင်းတဲ့လက္ခဏာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဟာ နိုင်ငံခြားသားကစားသမားပါဝင်မှု အရေအတွက်ကိုလည်း ငါးဦးကနေ လေးဦးအထိ လျှော့ချခဲ့ပါတယ်။

ပြိုင်ပွဲမစတင်မီ စိတ်ဝင်စားစရာကောင်းနေတာကတော့ အသင်းတွေရဲ့ ပြိုင်ပွဲအကြို ပြင်ဆင်မှုတွေနဲ့ ကစားသမားတွေရဲ့ အပြောင်းအရွှေ့ ဈေးကွက်တွေပါပဲ။ အခု အပြောင်းအရွှေ့ကာလမှာ အလှုပ်ရှားဆုံး နှစ်သင်းကတော့ ပြီးခဲ့တဲ့ ၂၀၁၀ ပြိုင်ပွဲတုန်းက ရလဒ်တွေဆိုးရွားခဲ့တဲ့ နေပြည်တော် F.Cနဲ့ အမှတ်ပေးချန်ပီယံဆုကို ပြိုင်ပွဲနီးမှ လက်လွတ်ခဲ့ရတဲ့ ရန်ကုန်ယူနိုက်တက်အသင်းတို့ပဲ ဖြစ်ပါတယ်။ နေပြည်တော်အသင်းဟာ နည်းပြအဖွဲ့ရော၊ ကစားသမားအဖွဲ့ကိုရော အင်အားဖြည့်တင်းမှုပြုလုပ်နေပြီဖြစ်ပြီး ဇန်နဝါရီ၂ရက်ကနေ ၇ရက်အထိ ကိုရီးယားနိုင်ငံမှာ ခြေစမ်းပွဲတွေ သွားရောက်ကစားခဲ့ပါတယ်။ ဧရာဝတီယူနိုက်တက်က ဦးအောင်နိုင်ကို နည်းပြချုပ်၊ ရန်ကုန်ယူနိုက်တက် နည်းပြချုပ်ဟောင်း ဦးမျိုးလှိုင်ဝင်းကို နည်းစနစ်အကြံပေးအဖြစ်ခေါ်ယူထားပြီး မိုးဝင်း၊ သက်နိုင်ဝင်း၊ အောင်ကျော်ဦး၊ နေဇော်အောင်၊ တင်ဇော်မိုးစတဲ့ ကစားသမားတွေကို ပြန်ခေါ်ထားပါတယ်။ နိုင်ငံခြားသား ကစားသမား လေးဦးကိုလည်းအသစ်ခေါ်ယူမှာပါ။ ရန်ကုန်ယူနိုက်တက်အသင်းကတော့ ၂၀၀၉ ခုနှစ်ကတည်းက အလိုရှိနေတဲ့ ဇေယျာရွှေမြေက ရာဇာဝင်းသိန်းကို ကွင်းလယ်လူ ဇော်ထက်အောင်နဲ့ အလဲအထပ်လုပ်ကာ ခေါ်ယူနိုင်ခဲ့သလို ဘယ်နောက်ခံလူ ရွှေလှိုင်ဝင်းကို တစ်နှစ်အငှားချခဲ့ရပါတယ်။ ဒါ့အပြင် တောင်ပံနဲ့တိုက်စစ်ကို အားဖြည့်ဖို့ ဥသျှောင်တိုက်စစ်မှူး မိုင်းအိုက်နိုင်ကို ခြောက်လအငှားစာချုပ်နဲ့ ခေါ်ယူထားပါတယ်။ စာချုပ်ပြည့်သွားလို့ ပြန်သွားတဲ့ ဘရာဇီးတိုက်စစ်မှူး လီယိုနာဒိုနေရာမှာ ဂျူဗီနယ်ကို ပြန်ခေါ်ထားပြီး ပြိုင်ပွဲအကြို ခြေစမ်းလေးပွဲမှာ ငါးဂိုးအထိ သွင်းယူထားပါတယ်။

လက်ရှိချန်ပီယံ ရတနာပုံအသင်းကတော့ ပြည်တွင်း ပြည်ပ ကစားသမားတွေ အပြောင်းအလဲသိပ်ရှိမှာမဟုတ်ဘဲ မကွေး F.C က တောင်ပံကစားသမား အောင်မြင့်အေးကိုပဲ ပြန်ခေါ်ထားပါတယ်။အလားတူ ယမန်နှစ် ဒုတိယဆုရ ဇေယျာရွှေမြေအသင်းဟာ ရာဇာဝင်းသိန်းနဲ့ စည်သူသန့်ထွက်ပြီး ဇော်ထက်အောင်နဲ့ ရွှေလှိုင်ဝင်းတို့ ရောက်လာတာကလွဲရင် အပြောင်းအလဲမရှိပါဘူး။ ပြည်တွင်းကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့ ကမ္ဘောဇအသင်းကတော့ အမာခံကစားသမားတွေဖြစ်တဲ့ မိုးဝင်းအပါအဝင် ၁၇ဦးကို ထွက်ခွာခွင့်ပြုခဲ့ပြီး မကွေး F.C က ခိုင်ဇော်ထွန်း၊ ကျော်ကျော်မျိုး၊ သိန်းသန်းဝင်း၊ ဧရာဝတီယူနိုက်တက်က လှအေးထွေး၊ ကျော်ဇေယျာဝင်း၊ ဇင်မျိုးအောင်၊ မနောမြေ F.C က သူရိန်ထွန်းနဲ့ ဝေဖြိုးတို့ကို ခေါ်ယူထားပါတယ်။

အမာခံကစားသမားတွေ အများအပြားထွက်သွားတဲ့ မကွေးF.Cဟာ အရန်အသင်းက လူငယ်ကစားသမားတွေနဲ့ပဲ ယှဉ်ပြိုင်မှာဖြစ်ပြီး ရှုံးထွက်ချန်ပီယံ ဥသျှောင်အသင်းကလည်း အပြောင်းအလဲ သိပ်ရှိမှာ မဟုတ်ပါဘူး။ အသင်းပိုင်ရှင် အပြောင်းအလဲဖြစ်ပေါ်တဲ့ ဧရာဝတီယူနိုက်တက်အသင်းကတော့ နိုင်ငံခြားသား ကစားသမားကောင်းတွေနဲ့ အားဖြည့်နေပြီး ဆောက်သမ်းနဲ့ မနောမြေအသင်းကတော့ နိုင်ငံခြားသားတွေ အပြောင်းအလဲလုပ်နေပါတယ်။ အသင်းသစ် ရက္ခပူရအသင်းကတော့ လူငယ်ကစားသမားတွေနဲ့ပဲအခြေခံပြီး ဘူဂေးရီးယားနည်းပြ ဂူဒီက ကိုင်တွယ်မှာပါ။ နိုင်ငံခြားသား ကစားသမား လေးဦးကိုလည်း ခေါ်ယူအသုံးပြုမယ်လို့ သိရပါတယ်။ ဇွဲကပင်ယူနိုက်တက်အသင်းကတော့ ပြည်တွင်း ကစားသမားတွေနဲ့ပဲ ယှဉ်ပြိုင်မှာဖြစ်ပြီး လူငယ်ကစားသမားတွေပဲ အားဖြည့်နေပါတယ်။

ပြိုင်ပွဲဝင်အသင်းတွေရဲ့ ရာသီအကြို ပြင်ဆင်မှုတွေကြောင့် ၂၀၁၁ MNL ပြိုင်ပွဲဟာ ပြိုင်ပွဲ မစတင်ကတည်းက စိတ်ဝင်စားစရာကောင်းနေပါပြီ။ ဒီနှစ်မှာလည်း လက်ရှိချန်ပီယံရတနာပုံအသင်းကပဲ သုံးနှစ်ဆက်တိုက် ဗိုလ်စွဲမလား ချန်ပီယံအသင်းသစ် ပေါ်ထွက်လာမလား ဆိုတာ ပြိုင်ပွဲသည် ခရီးကြမ်းမှာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

ပွဲစဉ်(၁)

၁၅-၁-၂၀၁၁	နေပြည်တော်	- ရန်ကုန်ယူနိုက်တက်	သုဝဏ္ဏကွင်း
	ဧရာဝတီယူနိုက်တက်	- မကွေး	အောင်ဆန်းကွင်း
၁၆-၁-၂၀၁၁	ဆောက်သမ်းမြန်မာ	- ဥသျှောင်ယူနိုက်တက်	သုဝဏ္ဏကွင်း
	မနောမြေ	- ကမ္ဘောဇ	အောင်ဆန်းကွင်း
၁၇-၁-၂၀၁၁	ရက္ခပူရယူနိုက်တက်	- ရတနာပုံ	သုဝဏ္ဏကွင်း
	ဇွဲကပင်ယူနိုက်တက်	- ဇေယျာရွှေမြေ	အောင်ဆန်းကွင်း

၂၀၁၀ MFF CUP ရှုံးထွက်ပြိုင်ပွဲ အနိုင်ရခဲ့စဉ်က ချန်ပီယံ ဥသျှောင်ယူနိုက်တက်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်ခဲ့သော လက်ပံရေကျော်ကျေးရွာ နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါမုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တပ်ကုန်းမြို့နယ်၌ ခြင်းလုံးခတ်ပြိုင်

တပ်ကုန်း ဇန်နဝါရီ ၁၀

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်၌ ဇန်နဝါရီ ၂ရက် မွန်းတည့် ၁၂နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်အေး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမရရှိသော ကောင်းဝေအသင်း၊ ဒုတိယ မန္တလာဖြိုးအသင်း၊ တတိယ ရွှေအင်ဘက်ကုန်းအသင်း၊ နှစ်သိမ့်ဆုတွင် ရွှေပျံလွှားအသင်းနှင့် ရွှေဗိမာန်အသင်းတို့ကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မန္တလေးမှ အောင်စိုးမိုးနှင့် စစ်ကိုင်းမှ မောင်မောင်တို့က ခြင်းလုံးအလှခတ်ခြင်း၊ စွမ်းရည်ပြခတ်ခြင်းဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အား/ကာ)**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိခင်နှင့်ကလေး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ရက်က တာချီလိတ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာနှင့် တာဝန်ရှိသူများက ဆုရ မိခင်နှင့်ကလေးများအား ဆုများ ပေးအပ်ချီးမြှင့်စဉ်။ (၀၁၆)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ အဋ္ဌမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းအားကစားကွင်းအတွင်းရှိ M3 Food Centre (Diamond Hall) ၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရောက် ကြံခင်းသူ ကြံခင်းသားများနှင့် အသင်းဝင်များအားလုံးဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ စုံညီစွာ တက်ရောက်ကြရန်နှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူး သုံးဘာသာနှင့်အထက် ရရှိကြသည့် အသင်းဝင်များ၏ သားသမီးများနှင့် ၂၀၁၁ ခုနှစ် အမှုဆောင်အသစ် ရွေးချယ်ရန်ရှိသဖြင့် မိမိဆန္ဒအလျောက် အသင်းတာဝန်များထမ်းဆောင်လိုသူ အသင်းဝင်များသည် ဇန်နဝါရီ ၁၈ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ အတွင်းရေးမှူး ဦးစိန်ဌေး ဖုန်း-၀၁-၆၆၃၄၈၉၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅နှင့် အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၄၆၅၇၁တို့ထံသို့ ဆက်သွယ်ပေးပို့ရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်အသင်း)**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

စီရိုနယ်ဒို ဟက်ထရစ်သွင်းပြီး ရီးရဲမက်ဒရစ် နိုင်ပွဲရရှိ

မက်ဒရစ် ဇန်နဝါရီ ၁၀

စပိန်လာလီဂါပွဲစဉ်များကို ဇန်နဝါရီ ၁၀ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ရီးရဲမက်ဒရစ်နှင့် ဗီလာရီးရဲတို့ပွဲတွင် ရီးရဲမက်ဒရစ်က လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရီးရဲမက်ဒရစ်နှင့် ဗီလာရီးရဲ

အိမ်ကွင်းဘာနေဗြူး၌ ရီးရဲမက်ဒရစ်တို့ ကစားကွက်အသာစီးရအောင် ကြိုးစားခဲ့ပြီး အခွင့်အရေးရသမျှ ဂိုးသွင်းယူနိုင်ခဲ့သည်။ စီရိုနယ်ဒို၊ အိုဇေးလ်၊ ဘင်ဇီမာနှင့် အလွန်ဆိုတို့ကို အဓိကထားပြီး ကစားခဲ့သော ရီးရဲမက်ဒရစ်တို့ ဂိုးသွင်းခွင့် ၁၅ကြိမ်ရရှိခဲ့သည်။ အပိုင်ကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့ရာမှ လေးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ်အတွက်ဂိုးများကို ပွဲချိန် ကိုးမိနစ်၊ ၄၅မိနစ်နှင့် ၇၉မိနစ်တို့တွင် စီရိုနယ်ဒိုတစ်ဦးတည်း သွင်းယူနိုင်ခဲ့သဖြင့် ဟက်ထရစ်ရရှိခဲ့သည်။ ရီးရဲမက်ဒရစ်အတွက် စတုတ္ထဂိုးကို မိနစ် ၇၀၌ လူစားဝင်ကစားသော ကာကာက ပွဲချိန် ၈၂ မိနစ်၌ သွင်းယူပေးခဲ့သည်။

ရီးရဲမက်ဒရစ်အတွက် တောင်ပံကစားသမား စီရိုနယ်ဒို ဤသို့ ထိုးဖောက်ကစားခဲ့သည်။

နိုင်ပွဲရ

ဗီလာရီးရဲတို့အတွက် ဂိုးများကို ပွဲချိန် ခုနစ်မိနစ်၌ ကာနီနှင့် ပွဲချိန် ၁၈ မိနစ်၌ မာကိုရှုဘင်တို့က သွင်းယူပေးခဲ့ကြသည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်က လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ စီရိုနယ်ဒိုသည် ရီးရဲမက်ဒရစ်အတွက် ယခုနှစ် လာလီဂါ၌ ၂၂ဂိုးသွင်းယူပေးထားပြီး ဟက်ထရစ်လေးကြိမ် ရရှိထားသည်။

အခြားပွဲရလဒ်များ

အက်ပန်းညို	၄-၀	ရီးရဲဇာရာဂိုဇာ
မာလော့ကာ	၄-၁	အယ်မီးရီးရား
အိုဆာဆူနာ	၀-၀	ဂီတာဖေး
ရေဆင်း	၁-၁	စပို့တင်းဂိုင်ဂျွန်
လီဗန်တေး	၀-၁	ဗလင်စီယာ

(အင်တာနက်)

ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံဒေးဗစ်ဟေး အနားယူတော့မည်

ဘရစ်တန် ဇန်နဝါရီ ၁၀

ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံဒေးဗစ်ဟေးသည် လာမည့် အောက်တိုဘာ၌ လက်ဝှေ့ထိုးသတ်ခြင်းမှ အနားယူတော့မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၀ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

စီစဉ်ထား

သို့သော် စိန်ခေါ်သူကလစ်ရှကိုနှင့် ထိုးသတ်ပြီးမှသာ အနားယူမည် ဖြစ်သည်။ ကလစ်ရှကိုသည် အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအိုတို့၏ ချန်ပီယံဖြစ်ပြီး ယခုအခါ ဒေးဗစ်ဟေးနှင့် ထိုးသတ်ရန် စိန်ခေါ်ထားသည်။ ၎င်းတို့နှစ်ဦးသည် ယခုနှစ် အစောပိုင်းတွင် ထိုးသတ်ရန် စီစဉ်ထားသည်။

မိမိသည် စိန်ခေါ်သူများကို သတ်မှတ်ထားသည့် ကာလမတိုင်မီ ထိုးသတ်သွားပြီးမှ အနားယူမည်ဟု ဒေးဗစ်ဟေးက ပြောကြားသည်။ **(အင်တာနက်)**

> မောင်မောင်မြင့်ဆွေ - ရေးသားသည် <

လီဗာပူးနည်းပြအဖြစ် စတိကလာကီအားခန့်အပ်

လန်ဒန် ဇန်နဝါရီ ၁၀

လီဗာပူးနည်းပြသစ်အဖြစ် စတိကလာကီကို ခန့်အပ်လိုက်ပြီဖြစ်ကြောင်း လီဗာပူးကလပ်က ဇန်နဝါရီ ၁၀ရက်၌ သတင်းထုတ်ပြန်သည်။

တာဝန်ယူခဲ့

အသက် ၄၇နှစ်အရွယ်ရှိ စတိကလာကီသည် ချယ်လ်ဆီးနှင့်ဝက်စ်ဟမ်းအသင်းတို့၌ လက်ထောက်နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ဖူးသူတစ်ဦးဖြစ်သည်။ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ချယ်လ်ဆီး နည်းပြဟောင်း မော်ရင်ဟိုနှင့်အတူ လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

ထို့အတူ ၁၉၈၇ ခုနှစ်က ချယ်လ်ဆီးအသင်းတွင် နောက်ခံကစားသမားအဖြစ် ကစားခဲ့သူလည်းဖြစ်သည်။ **(အင်တာနက်)**

မိုက်တိုင်စန်အကြောင်း ရုပ်ရှင်ရိုက်ကူးမည်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၀

ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်း မိုက်တိုင်စန် **(ယာပုံ)**၏ ဘဝဇာတ်ကြောင်းကို ရုပ်မြင်သံကြားဇာတ်လမ်း ရိုက်ကူးကာ ပြည်သူများအား ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ပုလဲနက် ရုပ်မြင်သံကြားလိုင်းက ဇန်နဝါရီ ၁၀ရက်၌ သတင်းထုတ်ပြန်သည်။

စီစဉ်ထား

အသက် ၄၄နှစ်အရွယ်ရှိ မိုက်တိုင်စန်၏ Taking on Tyson အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းကို ရိုက်ကူးပြီးနောက် လာမည့် မတ်လ၌ ပုလဲနက် ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်ပြသရန် စီစဉ်ထားသည်။

သံမဏိမိုက်ဟု ပရိသတ်များက ခေါ်ဝေါ်ကြသည့် မိုက်တိုင်စန်သည် ၂၀၀၇ခုနှစ်က ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံလုပွဲတွင် အီဗန်ဒါဟိုလီဖီး၏ နားရွက်တစ်ဖက်ကို ကိုက်ဖြတ်ခဲ့သည့် ပုံရိပ်များအပါအဝင် ငယ်ရွယ်စဉ်ဘဝက ဘရွတ်ကလင်းအရပ်တွင် ကျင်လည်ခဲ့သော ငယ်ဘဝပုံရိပ်များကိုလည်း ထည့်သွင်းပြသသွားမည် ဖြစ်သည်။

မိမိသေဆုံးသည့်နေ့မတိုင်မီ မိမိဖြတ်သန်းခဲ့ရသည့် ဘဝပုံရိပ်များ၊ မိမိကြိုးစားခဲ့ရမှုများနှင့် မိမိပြုလုပ်ခဲ့သည့် အဖြစ်အပျက်များကို ပရိသတ်များအား ပြသသွားရန် ဖြစ်ကြောင်း မိုက်တိုင်စန်က ပြောကြားသည်။

၁၉၈၀ပြည့်နှစ်က ကမ္ဘာ့အသက်ငယ်ဆုံး ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဖြစ်ခဲ့သော သံမဏိမိုက်သည် ၂၀၀၆ ခုနှစ်တွင် ကြေးစားလက်ဝှေ့သမားဘဝ၌ အောင်မြင်မှုများ ရပ်တန့်သွားခဲ့သူဖြစ်သည်။

ထို့အတူ ခက်ခဲကြမ်းတမ်းသည့် ဘဝအစိတ်အပိုင်းများကိုလည်း ဖြတ်သန်းခဲ့သူဖြစ်ရာ ယခု Taking on Tyson က မိုက်တိုင်စန်၏ဘဝ ပြတင်းတံခါးတစ်ချပ်ကို ဖွင့်လှစ်ပြသခြင်းပင် ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

အာရှဖလားရယူမည်ဟု ပက်ဂျီဆန်ပြောကြား



ဒိုဟာ ဇန်နဝါရီ ၁၀

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပလျက်ရှိသော အာရှဖလားဘောလုံးပြိုင်ပွဲ၌ မိမိတို့ တောင်ကိုရီးယားအသင်း နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်ကာ အာရှဖလားကိုရယူရန် စွမ်းဆောင်သွားမည်ဟု မန်ချက်စတာမြို့မှ ဒိုဟာမြို့သို့ ဇန်နဝါရီ ၁၀ရက်က ရောက်ရှိလာသော တောင်ကိုရီးယားနှင့် မန်ယူကွင်းလယ်ကစားသမား ပက်ဂျီဆန်**(ယာပုံ)**က ပြောကြားသည်။

ယခုအာရှဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားပြီးပါက ပက်ဂျီဆန်သည် တောင်ကိုရီးယားအသင်းမှ အနားယူမည်ဖြစ်သည်။ တောင်ကိုရီးယားအသင်းသည် ဇန်နဝါရီ ၁၀ရက်၌ ဘာရိန်းအသင်းနှင့်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ တောင်ကိုရီးယားအသင်းသည် ဇန်နဝါရီ ၁၄ရက်၌ ဩစတြေးလျ၊ ဇန်နဝါရီ ၁၈ရက်၌ အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာရှဖလားကို ၅၁နှစ်အတွင်း ပထမဆုံးရရှိအောင် ကြိုးစားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနည်းပြ ချိုဝမ်ရေးက ပြောကြားသည်။ တောင်ကိုရီးယားသည် ၁၉၆၀ပြည့်နှစ်က အာရှဖလားရရှိခဲ့သည်။ **(အင်တာနက်)**

>>>>> မြင့်မောင်စိုး – ရေးသားသည် <<<<<

မန်ယူဗဟိုခံစစ်မှူးနေရာအတွက် ရီးရဲနောက်ခံလူ ပီပီအား ခေါ်ယူမည်

လန်ဒန် ဇန်နဝါရီ ၁၀

ပေါ်တူဂီနှင့် ရီးရဲမက်ဒရစ်အသင်းနောက်ခံလူ ပီပီအား မန်ယူကခေါ်ယူရန် ပြင်ဆင်နေကြောင်း ဖာဂူဆန်က ဇန်နဝါရီ ၁၀ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ထက်သန်

အသက် ၂၇နှစ်အရွယ်ရှိ ပီပီသည် ဗဟိုခံစစ်မှူးကောင်းတစ်ဦးဖြစ်သော်လည်း ရီးရဲမက်ဒရစ်၌ ပုံမှန်ကစားခွင့်မရဘဲ ဖြစ်လျက်ရှိသည်။ ထို့အပြင် လုပ်ခလစာငွေလည်း အနည်းငယ်သာရရှိနေသဖြင့် အသင်းပြောင်းရွှေ့ရန် စိတ်အားထက်သန်နေသူဖြစ်သည်။

မန်ယူကလည်း အသက် ၃၂နှစ်အရွယ်ရှိနေပြီဖြစ်သည့် ဗဟိုခံစစ်မှူး ဖာဒီနန်နေရာတွင် အစားထိုးရန် စီစဉ်နေလျက်ရှိရာ ပီပီအားခေါ်ယူရန် ကြိုးစားနေခြင်းဖြစ်သည်။ (အင်တာနက်)

ရွှန်နေ၏ညီ ဂျွန်ရွှန်နေ ပေရ့ာလိဂ်၌ ကစားမည်

နယူးယောက် ဇန်နဝါရီ ၁၀

အင်္ဂလန်နှင့် မန်ယူတိုက်စစ်မှူး ရွှန်နေ၏ညီငယ် ဂျွန်ရွှန်နေသည် ပေရ့ာလိဂ်ကလပ်အသင်းတွင် ကစားတော့မည်ဖြစ်ကြောင်း ပေရ့ာလိဂ်ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၀ရက်၌ ပြောကြားသည်။

အသက် ၂၀အရွယ်ရှိ တိုက်စစ်မှူး ဂျွန်ရွှန်နေ(ယာပုံ)**သည် ပေရ့ာလိဂ်တွင်ကစားရန် စိတ်အားထက်သန်လျက်ရှိသည်။ ထို့ကြောင့် သဘောတူစာချုပ်ချုပ်ဆိုရန် အသင့်အနေအထားရှိနေပြီ ဖြစ်သည်။**

ဂျွန်ရွှန်နေသည် အင်္ဂလန် ချန်ပီယံရှစ်ကလပ် ဒါဘီကောင်တီအသင်း၌ ၂၀၀၉ခုနှစ်က ကစားခဲ့ဖူးသည့် တိုက်စစ်မှူးဖြစ်သည်။ (အင်တာနက်)

အီတလီတိုက်စစ်မှူးဟောင်းတိုနီ ဂျူဗင်းတပ်စ်က ခေါ်ယူ



ရောမ ဇန်နဝါရီ ၁၀

အီတလီ တိုက်စစ်မှူးဟောင်းနှင့် ဂျီနိုအာ တိုက်စစ်မှူး လူကာတိုနီအား ဂျူဗင်းတပ်စ်အသင်းက အလွတ်ပြောင်းရွှေ့မှုဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဂျူဗင်းတပ်စ်ကလပ်က ဇန်နဝါရီ ၁၀ရက်၌ သတင်းထုတ်ပြန်သည်။

ပါဝင်ကစားခဲ့

အသက် ၃၃နှစ်အရွယ်ရှိ တိုနီ**(ဝဲပုံ)**သည် ဘေယန်မြူးနစ်နှင့် ဖီအိုရင်တီးနားအသင်းတို့တွင် ကစားခဲ့ဖူးသူလည်းဖြစ်သည်။ ထို့အတူ အီတလီအသင်းနှင့် ၄၇ပွဲ ပါဝင်ကစားခဲ့ပြီး ၁၆ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ မိမိသည် ဂျူဗင်းတပ်စ်အသင်းနှင့်အတူ ရလဒ်ကောင်းများရရှိစေရန် ကြိုးစားသွားမည် ဖြစ်ကြောင်း၊ ဂျူဗင်းတပ်စ်အသင်း အောင်မြင်မှုရရှိရန် မိမိစွမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုနီက ပြောကြားသည်။ တိုနီသည် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဗိုလ်စွဲခဲ့သော အီတလီအသင်း၌ ပါဝင်ကစားခဲ့သည်။ **(အင်တာနက်)**

မီးဘေးရှောင် မလောင်ခင်တား

ကဝမြို့နယ်တွင် ဒီဇင်ဘာ ၂၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်ညွန့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်၊ အရန်မီးသတ်တပ်ခွဲမှူး ဦးသိန်းဇော်တို့ ကြီးကြပ်၍ မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကွမ်းလုံမြို့မဈေး မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဒီဇင်ဘာ ၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကုတ်မြို့ မြို့မဈေးကြီးအတွင်း မြို့နယ်ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဖော်ဇံ၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့ ကြီးကြပ်မှုဖြင့် မီးသတ်ဆေးဘူးအသုံးချနည်း သရုပ်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ် အမှတ်(၈၇) သစ်စက်တွင် ဒီဇင်ဘာ ၂၁ရက်က စက်ရုံမန်နေဂျာ ဦးဝင်းစိန်နှင့်ဝန်ထမ်းများ၊ စက်ရုံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်းနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးငြိမ်းသတ်ခြင်း လေ့ကျင့်စဉ်။ (၁၈၀)



သံဖြူဇရပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှတ်(၁) မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိသည့် မီးသတ်ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ကြံ့ခိုင်မှုရှိစေရေး အစမ်းလေ့ကျင့်မှုကို ဦးစီးအရာရှိဦးထွန်းရှိန်နှင့် ဈေးတာဝန်ခံတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် အဆောက်အအုံသစ် မကွေး၌ဖွင့်

မကွေး ဇန်နဝါရီ ၉

မကွေးမြို့နယ် မြေပြာကန်ကျေးရွာတွင် မျိုးဆက်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းအောင်၊ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေး၊ ကျေးရွာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက် ရေရှည်တည်တံ့ရေးကိစ္စများ ဆွေးနွေးကာ မြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက်အတွက် စာအုပ်စာစောင် တိုးပွားရေးကိစ္စများ ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မွှခင်းကျဆင်းရေး ရမည်းသင်းမြို့နယ်၌ ဟောပြော

ရမည်းသင်း ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လွင်၏ ဦးဆောင်မှုဖြင့် ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စု အိုင်ဘုတ်ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ဒီဇင်ဘာ ၂၈ရက် မွန်းလွဲ ၂နာရီက မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုလွင်က မှုခင်းကျဆင်းရေးလုပ်ငန်းများနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ဆိုးကျိုးများအား ရှင်းလင်းဟောပြောသည်။ (၁၆၉)

မြို့နယ် သတင်း ထွေထွေ

မီးဘေးကာကွယ်ရေး ညှိနှိုင်းစည်းဝေး

တောင်ငူ ဇန်နဝါရီ ၉

တောင်ငူမြို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုအဖွဲ့၏ ပွင့်လင်းရာသီအကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၅ရက် မွန်းလွဲပိုင်းက ရွှေဆံတော်ဘုရား ဂေါပကရုံးခန်းမ၌ကျင်းပရာ အဖွဲ့နာယက ဦးကျော်လှ(သမာဓိ)နှင့်ဥက္ကဋ္ဌ ဦးရဲဝင်း (ရွှေဝါ-ပဲဆီသန့်)တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ကျော် (ပွဲရုံလုပ်ငန်း)က ယခင်အပတ် အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ဘဏ္ဍာရေးမှူး ဦးစံအေး(အေး-မိတ္တူ)က ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှေ့လုပ်ငန်းစဉ်များအဖြစ် ပွင့်လင်းရာသီအမီ မီးသတ်မော်တော်ယာဉ်များ ကြံ့ခိုင် ကောင်းမွန်ရေး၊ မြို့ပေါ်နှင့် ရပ်ကွက်များရှိ မီးသတ်ရေစင်နှင့် ရေကန်များ ရေအပြည့် ဖြည့်ဆည်းထားရှိရေး၊ အိမ်တိုင်း မီးချိတ် မီးကပ်၊ သဲနှင့် ရေများထားရှိရေးကိစ္စများကို အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်(ပွဲရုံလုပ်ငန်း)၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးထင်အောင်လင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်လင်း၊ အမှုဆောင် ဦးအောင်ရွှေ၊ ဦးတင်ရွှေနှင့် ဦးအောင်သူတို့ တင်ပြဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၄၇)

ကလေးကျောက်ကပ်ရောဂါဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း ကလေးကျန်းမာ ပညာအဖွဲ့နှင့် Mo Asia Co.,Ltd. (Dumex) တို့ ပူးပေါင်းကျင်းပသည့် ကလေးများ ကျောက်ကပ်ရောဂါဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲ (Pediatric Nephrology Seminar)ကို ဇန်နဝါရီ ၈ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel၌ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ကျော်မြင့်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ဆက်လက်၍ Mo Asia Co., Ltd. (Dumex) မှ ဒါရိုက်တာ ဒေါက်တာခင်ချိုဌေးက မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ကလေးကျန်းမာ ပညာအဖွဲ့သို့ အလှူငွေ ကျပ်သုံးသိန်းစီကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ကလေးကျန်းမာပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အေးမောင်ဟန်တို့က လက်ခံယူသည်။

တင်ပြဆွေးနွေး

ယင်းနောက် ဆေးပညာနှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ ပါမောက္ခ ဒေါက်တာအက်စ်ကျော်လှတို့က ဆောင်ရွက်ကြပြီး National University Hospital, Singapore မှ Prof; Dr. Yap Hui Kim က Lupus Nephritis in Children ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Center for Pediatrics and Adolescent Medicine, Germany မှ Prof; Dr. Franz Stefan Schaefer က Updates on the Pathogenesis of Nephrotic Synd- rome ခေါင်းစဉ်ဖြင့် လည်းကောင်း၊ All India Institute of Medical Sciences, India မှ Prof; Dr. Arvind Bagga က Spectrum of Henoch-Schonlein nephritis and Ig A nephropathy ခေါင်းစဉ်ဖြင့် လည်းကောင်း၊ The Children's Hospital, United Kingdom of Great Britain and Northern Ireland မှ Dr. Christopher Mark Taylor က Acute glomerulo nephritis and Rapidly Progressive glomerulo nephritis ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မီး အစဉ် သတိပြု

ငပုတောမြို့နယ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို သိမ်တော်ကြီးလမ်း လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းကိုကို ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

11-1 (15).pmd 1 1/11/2011, 2:03 AM

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ အမှတ်(၆)ရပ်ကွက် ဦးအာလောကလမ်း၌ ကတ္တရာလမ်းပြုပြင်နေမှုကိုတာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဌေး ကြီးကြပ်ဆောင်ရွက်စဉ်။(သတင်းစဉ်)

ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝေါ-ဘုရားပျိုကျေးလက်ဂဝံလမ်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁၃ရက်က ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လဲချားမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းမီးတိုင်များလင်းစေရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ လမ်းမီးတိုင်များတွင်မီးချောင်းလဲလှယ်ခြင်းဆောင်ရွက်ရာ ဇန်နဝါရီ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းလှိုင်တို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

လှိုင်လင်မြို့နယ် မိုင်းပွန်စံပြကျေးရွာ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဇန်နဝါရီ ၂ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းကြည်တို့ ပူးပေါင်း၍ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေးမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်း၊ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာ စိုးငြိမ်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပါမောက္ခဆရာကြီးများ၏ ပညာဒါနပို့ချပွဲ ဝေါမြို့နယ် အဖျားဗိုလ်တဲကျေးရွာ၌ ကျင်းပ

ဝေါ ဇန်နဝါရီ ၉

၂၀၁၀-၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား ပဲခူးခရိုင် ဝေါမြို့နယ် အဖျားဗိုလ်တဲကျေးရွာ ပရဟိတကျောင်း ဘဏ္ဍာခန်းမဆောင်၌ တက္ကသိုလ်ပညာအလှူဒါန ဆရာကြီးများဖြစ်သော အဝေးသင်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှူး (ငြိမ်း) ဆရာကြီး ဦးမြငွေဦးဆောင်၍ မြန်မာစာကို ကထိက ဦးကျော်တင့်၊ အင်္ဂလိပ်စာဘာသာရပ်ကို ပညာရှင်ဦးညွန့်ဝေမိုး၊ သင်္ချာပါမောက္ခ (ဌာနမှူး) ဦးသောင်းရှိန်၊ သင်္ချာပါမောက္ခ ဦးအေးအောင်၊ ဓာတုဗေဒ တွဲဖက်ပါမောက္ခ ဒေါက်တာထွန်းအောင်၊ ရူပဗေဒပါမောက္ခ(ဌာနမှူး) ဒေါက်တာ ခင်မောင်ထွန်း၊ ရူပဗေဒပါမောက္ခ ဒေါက်တာကိုကိုနိုင်၊ ဇီဝဗေဒပါမောက္ခ (ဌာနမှူး) ဦးဟန်အေး၊ ဘောဂဗေဒ ဘာသာရပ် ပညာရှင် ဦးဘုန်းနိုင်တို့က အနီးကပ် သင်ကြားပို့ချပေးရာ ဝေါမြို့နယ် အထကကျောင်း ၁၁ကျောင်း၊ ဝေါရှေ့၊ မြစ်ကျိုး၊ ညောင်ခါးရှည်၊ သူရဲသမိန်၊ ဘုရားဖြူနှင့် ငှက်ကျေးဝင်းကျေးရွာများမှ ကျောင်းသား ကျောင်းသူတစ်ထောင်ကျော်မျှ တက်ရောက်သင်ယူကြသည်။ **(အောက်ပုံ)**

နှစ်စဉ်ကောင်းလာ

တက္ကသိုလ် ပညာဒါနဆရာများ ယခုကဲ့သို့ အနီးကပ်သင်ကြားပို့ချခြင်းမှာ သုံးနှစ်တိုင်တိုင်ရှိပြီဖြစ်ကြောင်း သိရသည်။ ပဲခူးခရိုင် ဝေါမြို့နယ် အဖျားဗိုလ်တဲကျေးရွာများနှင့် အထကကျောင်း ၁၁ကျောင်းမှ တက္ကသိုလ်ဝင် အောင်ချက်များ နှစ်စဉ် ကောင်းလာကြကြောင်း သိရှိရသည်။ (၁၀၄)

ရေးမြို့နယ်၌ ဇန်နဝါရီ ၄ရက်က ကျင်းပသည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်း ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ခုခံအားကျရောဂါအကြောင်း ဟောပြော

တာချီလိတ် ဇန်နဝါရီ ၉

တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက် ည ၇ နာရီက တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဌေးဌေးဝင်းက မိတ်ဆက်စကားပြောကြားသည်။

ဆွေးနွေး

ထို့နောက် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာမြင့်သောင်းနှင့် တာဝန်ရှိသူများက ခုခံအားကျဆင်းမှုကူးစက်ရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြပြီး မြို့ပေါ်ရပ်ကွက်များမှ လူငယ်လူရွယ်ပြည်သူများက မိမိတို့သိရှိလိုသောကျန်းမာရေးဆိုင်ရာဗဟုသုတများကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (၀၁၆)

ဝက်လက်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ဝက်လက် ဇန်နဝါရီ ၉

ဝက်လက်မြို့နယ် ဘုရားပြန်ကျေးရွာအုပ်စု ကွင်းအမှတ်(၃၂၃၇) နှမ်းခင်းကုန်းကွင်းရှိ ဦးပိုင်အမှတ်(၂၅၈) ဧရိယာ ၂ဒသမ ၆၀ဧကေ၌ ဧရာမင်းမျိုးစပါး စိုက်ပျိုးထားသော တောင်သူဦးမြင့်သိန်း၏ လယ်မြေပေါ်တွင် ဝက်လက်မြို့နယ် မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသိန်းဇော်စိုး၊ အုပ်စုမြေတိုင်းစာရေးဦးအောင်ကျော်ဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသာဌေးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများသည် စပါးအထွက်နှုန်းမှန်ကန်ရေးအတွက် ဒီဇင်ဘာ ၂၂ရက်က မိုးစပါးစံကွက် ရိတ်သိမ်းရာ**(အောက်ပုံ)** တစ်ဧကခြောက်သွေ့ပြီး စပါးအထွက်နှုန်းမှာ ၈၉ ဒသမ ၀၅တင်းနှုန်းထွက်ရှိသည်။ **(မြို့နယ်မြေစာရင်း)**

မြို့နယ် သတင်း ထွေထွေလာ

အလှကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

Ta-Fa Trading Co.,Ltd. က ဖြန့်ဖြူးရောင်းချလျက်ရှိသော Follow Me & Secret အလှကုန်ပစ္စည်းများကို သုံးစွဲသူများနှင့် ရောင်းချသူများအား ကျေးဇူးတုံ့ပြန်ပွဲ၊ Silkpro Hair Shampoo နှင့် Silk Bath Shower Cream အလှကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ အခမ်းအနားများကို ယမန်နေ့မွန်းလွဲပိုင်းနှင့်ညပိုင်းတို့က ရန်ကုန်မြို့ရှိ Traders Hotel ၌ ကျင်းပသည်။**(အပေါ်ယာပုံ)**

ရှေးဦးစွာ ကုန်ပစ္စည်းသစ်များဖြစ်သည့် Silkpro Hair Shampoo နှင့် Silk Bath Shower Cream များကို မိတ်ဆက်ပြီး Tohtonku(S) Private Limited နှင့် Monsoon Hair Salon တို့ ပူးပေါင်းစီစဉ်မှုဖြင့် Singapore နိုင်ငံမှ Celebrity Hair Stylist, Mr.Addy Lee က ကွဲပြားခြားနားသော ဦးရေပြား အမျိုးအစားများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အဆီပြန်သော ဦးရေပြားရှိသူတစ်ဦးနှင့်ဗောက်များပြည့်နှက်နေသော ဦးရေပြားရှိသူ တစ်ဦးတို့၏ ခေါင်းမလျှော်မီ အခြေအနေများကိုပြသပြီး Silkpro Hair Shampoo ဖြင့် ခေါင်းလျှော်ပေးကာ တစ်ကြိမ်လျှော်ပေးရုံဖြင့် သိသာထင်ရှားသည့်ထူးခြားပြောင်းလဲမှုများကို နှိုင်းယှဉ်ပြသသည်။

ဆက်လက်၍ Mr.Addy Lee က တီထွင်ဆန်းသစ်သော ဆံပင်ဒီဇိုင်းများ၊ ဆံပင်ဆင်ယင်ထုံးဖွဲ့မှုများကို လက်တွေ့ညှပ်ပြခြင်း၊ ပုံဖော်ပေးခြင်းများကိုပါ ပြသသည်။ အလားတူ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က မန္တလေးမြို့ Sedona Hotel ၌လည်း ကျင်းပခဲ့သည်။

ယခုမိတ်ဆက်ပေးသော Silkpro Hair Shampoo နှင့် Silk Bath Shower Cream ပစ္စည်းသစ်များမှာ ပိုးဥအိမ်ဖွဲ့သော ပိုးကောင်လေးများ၏ Silk Protein ကို ပိုးချည်မျှင်လေးများမှ တစ်ဆင့် Bio-Technological Process ဖြင့် Silk Crystal အဖြစ် ထုတ်ယူဖော်စပ်ထားခြင်းဖြစ်၍ ဦးရေပြားကျန်းမာပြီး ဆံကေသာ နူးညံ့ပျော့ပျောင်းသန်စွမ်းစေကြောင်း၊ နေ၏ UV rays များနှင့် ပတ်ဝန်းကျင်ဖိစီးမှုဒဏ်များမှ ကာကွယ်ပေးခြင်း၊ သာမန်အစိုဓာတ်ပေးပစ္စည်းများထက် အစိုဓာတ် ငါးဆ ပိုမိုရရှိခြင်းစသည့် အာနိသင်များ ပါရှိကြောင်း၊ Healthy Hair begins with Healthy Scal ဟု ဖော်ညွှန်းထားပြီး Bath in Silk ဟု တိုက်တွန်းထားသည်။ **(သတင်းစဉ်)**

မေချစ်အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

မေမေ **ဒေါ်နန်းချစ်ဆွေ** (ပုသိမ်၊ မြောင်းမြ)သည် ၄-၁-၂၀၁၁ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချီးမြှင့်သော **"သုဓမ္မသိင်္ဂီ"** ဘွဲ့ကို ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ရပါကြောင်းနှင့် ဖေဖေဒေါက်တာညွန့်ဖေ(တာဝန်ခံပါမောက္ခချုပ်၊ ပုသိမ်တက္ကသိုလ်)နှင့်အတူ နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်သမီးများ-မခိုင်ဆွေညွန့် (Hokkaido University, Japan)-
ကိုစံမြင့်ထူး (Hokkaido Japan)
မခိုင်ယဉ်မွန် (ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပုသိမ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာညွန့်ဖေ၏ ဇနီး **ဒေါ်နန်းချစ်ဆွေ** သည် ၄-၁-၂၀၁၁ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ချီးမြှင့်သော **"သုဓမ္မသိင်္ဂီ"** ဘွဲ့ကို ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ရပါကြောင်းနှင့် ပုသိမ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာညွန့်ဖေနှင့်အတူ နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဦးဝင်းကို၊ ဦးဝင်းဆွေ၊ ဦးမောင်မောင်သွင်။

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ် က/၁၅၊ မြေကွက်တည်နေရာ က/၁၅၊ ကုံကော်လမ်းသွယ်(၃)၊ ဘုရင့်နောင်မွဲရုံ၊ ဦးအောင် အမည်ပေါက် ၂၅နှစ် ဂရန်မြေအား အမည်ပေါက် ဦးအောင် ကွယ်လွန်သဖြင့် ရန်ကြောင်(ခ)ဒေါ်ခင်ရီ ၁၂/သခန(နိုင်)၀၀၀၀၃၅က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

သင့်သွေးဖြင့် အသက်ကယ်ပါ

မွေးနေ့မင်္ဂလာဆုတောင်း

ဖေဖေ ဦးမျိုးဦး-မေမေ ဒေါ်မဉ္ဇူသင်းတို့၏ တစ်ဦးတည်းသော သားလေး **'သော်ကောင်းဆက်'**၏ ၁၁-၁-၂၀၁၁ရက်မှာ ကျရောက်သော (၃)နှစ်ပြည့်မွေးနေ့မှသည် သက်ဆုံးတိုင် 'လိုရာဆန္ဒမရှိအောင်' ပြည့်စုံပါစေ ---

ဘဘ- **ဦးမင်းစိန်**
ကြီးကြီး- **ဒေါ်စန်းစန်းမော်**
မမ- **ဆုပြည့်မင်းမော် (ပုံ့လေး)။**

ဈေးပြိုင်အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ မြိတ်တက္ကသိုလ်ရှိ အသုံးမပြုတော့သည့် ကွန်ပျူတာ၂၃လုံးကို ဈေးပြိုင်အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်သည်။

(က)	**တင်ဒါပုံစံရောင်းချမည့်ရက်**	- ၁၂-၁-၂၀၁၁ ရက်မှ ၃၁-၁-၂၀၁၁ ရက်အထိ
(ခ)	**တင်ဒါပိတ်မည့်ရက်**	- ၃၁-၁-၂၀၁၁ ရက် ညနေ ၄ နာရီ
(ဂ)	**ရောင်းချမည့်နေရာ**	- စတိုး/အင်ဂျင်နီယာဌာန၊ မြိတ်တက္ကသိုလ်၊ မြိတ်မြို့။
(ဃ)	**လျှောက်လွှာပုံစံတစ်စောင်နှုန်း**	- ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စတိုး/အင်ဂျင်နီယာဌာန၊ မြိတ်တက္ကသိုလ်၊ မြိတ်မြို့၊ ဖုန်း-၀၅၉-၄၂၄၁၀၊ ၀၅၉-၄၂၇၆၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့၊ မြိတ်တက္ကသိုလ်၊ မြိတ်မြို့။

New Address
GREAT English Language Centre
1st fl. 97, 38th Street (lower block)
Kyauktada, Ph 095105306
Daw Khin Thida
IELTS (found) (31Jan)(10-12pm)(M,W,F)
4-skill English(basic) (22Jan) (1-3pm) (S,S)
4-skill (adv) (13Jan)(3-5pm) (Thur, Fri)
IELTS (adv) (1-3pm)(M,W,F)(9-12pm)(S - S)
(regular) (Children Class) (3-5pm) (S-S)
TOEFL - TWE, OUEP Courses

စာအုပ်စာပေ လူ့မိတ်ဆွေ

နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကျင်းပ

စစ်တွေ ဇန်နဝါရီ ၉

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စစ်တွေနယ်စပ်ကုန်သွယ်ရေး မြင့်မားတိုးတက်ရေးအတွက် စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်း၊ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀ နာရီက စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးတွင် စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်တွေနယ်စပ်ကုန်သွယ်ရေး စခန်းတာဝန်ခံ ဦးဝင်းလွင်က ကုန်သွယ်မှုလုပ်ငန်းရပ်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးပြီး တက်ရောက်လာကြသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက ရေထွက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး၊ ဒေသထွက်ကုန် ပစ္စည်းများနှင့် တန်ဖိုးမြှင့်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် အမယ်သစ်ပို့ကုန်များ တင်ပို့နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(နယ်စပ်ကုန်သွယ်ရေး)

အဆင့်မြင့်လေအိတ်ယာဉ်လိုင်းဖွင့်

ပခုက္ကူ ဇန်နဝါရီ ၉

အောင်ဟိန်း (ပခုက္ကူ-မန္တလေး) အဆင့်မြင့်လေအိတ်ယာဉ်လိုင်းဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီက ပခုက္ကူမြို့ အဝေးပြေးကားကြီးကွင်းရှိ အဆိုပါယာဉ်လိုင်းဂိတ်၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မထသ ဥက္ကဋ္ဌဦးသောင်းထွန်းနှင့် အောင်ဟိန်းယာဉ်လိုင်းဥက္ကဋ္ဌ ဦးကျော်သန်းဆွေတို့က အမှာစကား ပြောကြားကြပြီး ယာဉ်လိုင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ယာဉ်လိုင်းဥက္ကဋ္ဌက တာဝန်ရှိသူများထံသို့ ပေးအပ်သည်။ ယင်းနောက် အောင်ဟိန်း (ပခုက္ကူ-မန္တလေး) အဆင့်မြင့်လေအိတ်ယာဉ်လိုင်းကို မထသဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် ယာဉ်လိုင်းဥက္ကဋ္ဌ ဦးကျော်သန်းဆွေ **(အပေါ်ပုံ)** တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

(၀၇၀)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဘိုကလေးမြို့နယ် မလော့ကျေးရွာအုပ်စု မြစ်တန်းကျေးရွာ အလယ်တန်းကျောင်းခွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက်ကကျင်းပရာ ဘိုကလေးမြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်၊ ပညာရေးမှူး ဦးညဏ်သိန်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးကျော်လှိုင်နှင့် မိဘဆရာအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ကျောင်းခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ပညာရေး)

ပညာရေးစုံညီပွဲတော် ညောင်တုန်း၌ကျင်းပ

ညောင်တုန်း ဇန်နဝါရီ ၉

ညောင်တုန်းမြို့နယ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ညောင်တုန်းမြို့ အထက(၁) လှိုင်ပညာခန်းမ၌ ဇန်နဝါရီ ၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေတို့က အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူများက တေးသီချင်း အကများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေနှင့် တာဝန်ရှိသူများက ဗဟိုအဆင့်၊ တိုင်းအဆင့်၊ မြို့နယ်အဆင့် ဘာသာရပ်ထူးချွန်ဆု၊ ဘက်စုံထူးချွန်ဆုများ၊ အထိမ်းအမှတ်နေ့ကြီးများ စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ ကာတွန်းပဟေဠိပြိုင်ပွဲများ၊ ပညာတန်ဆောင်စာစီစာကုံးပြိုင်ပွဲများ၊ နိုင်ငံတကာစာရေးပြိုင်ပွဲများ မစ်ဆူဘီချီကလေးပန်းချီပြိုင်ပွဲများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ပန်းချီပြိုင်ပွဲများ၊ မိခင်နို့ အဓိကစာစီစာကုံးပြိုင်ပွဲ၊ အိုင်အိုဒင်းဆားလူတိုင်းစား ကျန်းမာရေးစာစီစာကုံးပြိုင်ပွဲ၊ အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ပညာထူးချွန်အောင် သင်ကြားပေးသော ဆရာ ဆရာမများ၊ လုပသန့်ရှင်းဆုရ ကျောင်းများ၊ ထူးချွန်ကျောင်းများ၊ ထူးချွန် ဆရာ ဆရာမများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ပညာရေးထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (၁၅၂)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

၂၀၀၉ ခုနှစ်အတွက် အကယ်ဒမီရှင်ခန့်မှန်းသံ

ကိုကြီးစိုး
(ရုပ်ရှင်သတင်းထောက်)



နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု မကြာမီချီးမြှင့်တော့မည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်ချစ်ပရိသတ်ကြီးက ဘယ်သူတွေရမလဲ စိတ်ဝင်စားနေကြသလို ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များကလည်း ရင်ခုန်သံမြန်နေကြပြီဖြစ်သည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆုအတွက် ၂၀၀၉ ခုနှစ်အတွင်း ရုံတင်ပြသသော ဇာတ်ကားများမှ ရွေးချယ်ရမည်ဖြစ်ရာ ၂၀၀၉ ခုနှစ်အတွင်း ရုံတင်ဇာတ်ကားစာရင်းမှာ ၁၆ကားရှိကြောင်း သိရသည်။

ရုံတင်ဇာတ်ကား

အဆိုပါရုံတင်ဇာတ်ကား ၁၆ ကားမှာ ဟော့ရှော့(၂)၊ ယောက္ခမနှင့် တစ်ထောင့်တစ်ည၊ အချစ်ဟု အဓိပ္ပာယ်သက်ရောက်ခြင်းမရှိစေရ၊ ချစ်လို့စတာ၊ ဇော်က ကနေသည်၊ ချစ်ကံပွင့်နှင့် မချောလေးဆယ်၊ သူငယ်ချင်းယောက္ခမ၊ မာမီရှိန်း၊ ပင်လယ်ကိုဖြတ်၍၊ ရှော့ရှိတဲ့အချစ်များ၊ အတည်ပေါက်နဲ့ နောက်တဲ့သူ၊ ဝါဆိုဖယောင်းတိုင်၊ မိုးညအိပ်မက်မြူ၊ ကျောက်စက်ရေ၊ အတိတ်၏အရိပ်၊ ကြိုးကြာတောင်ပံခတ်သံတို့ ဖြစ်ကြသည်။

ရှော့ရှိတဲ့အချစ်များဇာတ်ကားမှ ပြေတီဦးနှင့် မိုးဟေကိုတို့၏ သရုပ်ဆောင်ဟန်။

မာမီရှိန်း ဇာတ်ဝင်ခန်းမှ ရန်အောင်နှင့် နေတိုးတို့၏ အသွင်မတူသည့် အားပြိုင်သရုပ်ဆောင်ချက်။

ရေပန်းစား

ရုံတင် ၁၆ကားအနက် အိန္ဒြာကျော်ဇင်က ကိုးကား၊ နေတိုးက ခြောက်ကား၊ စိုးမြတ်သူဇာက ငါးကား ပါဝင်ထား၍ မင်းသား၊ မင်းသမီး အကောင်းဆုံးဆုကို အများဆုံးမှန်းနိုင်ကြသူများ ဖြစ်သည်။ ဒါရိုက်တာဆုကို ကြိုးကြာတောင်ပံခတ်သံ ရိုက်ကူးသူ စင်ရော်မောင်မောင်၊ မိုးညအိပ်မက်မြူ ရိုက်ကူးသူ ကြည်ဖြူသျှင်၊ ဇော်က ကနေသည် ရိုက်ကူးသူ မီးပွားနှင့် မာမီရှိန်း ရိုက်ကူးသူ ညီညီထွန်းလွင်တို့ ရေပန်းစားနေသည်။

ဇာတ်ကားဆုကိုတော့ ခေတ်သုံးခေတ် ယှဉ်ပြထားသည့် အချစ်ဟု အဓိပ္ပာယ်သက်ရောက်ခြင်း မရှိစေရ၊ မိဘနှင့် သားသမီးမေတ္တာ၊ လူငယ်အားမာန်ကို ဖော်ညွှန်းထားသည့် ကျောက်စက်ရေ၊

စာမျက်နှာ ၆ ကော်လံ ၃ ✻

မိုးဆက်လက်ရွာသွန်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများသည် ရခိုင်ကမ်းရိုးတန်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများသို့ ဖြတ်ကျော်ရွေ့လျားလျက်ရှိနေသဖြင့် ယနေ့မွန်းလွဲမှ နောက် ၄၈နာရီအတွင်း ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက်ရွာသွန်းနိုင်ပြီး ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

တိုက်ခတ်နိုင်

လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိတိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မိုးရွာသွန်းမှု ၁၀-၁-၂၀၁၁

နေပြည်တော်(ရေဆင်း)	၀ ဒသမ ၆၃ လက်မ
နေပြည်တော်(တပ်ကုန်း)	၀ ဒသမ ၅၉ လက်မ
ကျောက်ဖြူမြို့	၂ ဒသမ ၉၅ လက်မ
မာန်အောင်မြို့	၂ ဒသမ ၀၁ လက်မ
တောင်တွင်းကြီးမြို့	၁ ဒသမ ၈၅ လက်မ
ရမည်းသင်းမြို့	၁ ဒသမ ၀၆ လက်မ
သံတွဲမြို့	၀ ဒသမ ၈၃ လက်မ
အောင်လံမြို့	၀ ဒသမ ၇၉ လက်မ

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၁/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ်(၁/၂၀၁၁)
၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂တို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်တာဝန်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် (၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) တနင်္လာနေ့ နံနက် ၈ နာရီ ၅၅ မိနစ်အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၂/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ်(၂/၂၀၁၁)
၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂တို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်တာဝန်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၂ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် (၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) တနင်္လာနေ့ နံနက် ၈ နာရီ ၅၅ မိနစ်အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၃/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ကြေညာချက်အမှတ်(၃/၂၀၁၁)
၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂တို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်တာဝန်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် (၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) တနင်္လာနေ့ နံနက် ၈ နာရီ ၅၅ မိနစ်အချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဥပဒေ၊ နည်းဥပဒေ စာအုပ်(၁၇)မျိုးအား ပုံနှိပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်

နေပြည်တော် ဇန်နဝါရီ ၁၀

ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး၊ ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး၊ ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကို ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် (၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) တနင်္လာနေ့၌ စတင်ကျင်းပတော့မည်ဖြစ်ရာ လေ့လာဖတ်ရှုနိုင်ရေးအတွက် အောက်ပါ ဥပဒေ၊ နည်းဥပဒေစာအုပ် (၁၇)မျိုးအား ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည် -

(က) နိုင်ငံတော် အထိမ်းအမှတ်တံဆိပ် ဥပဒေ၊ နည်းဥပဒေ
(ခ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေ
(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ
(ဃ) တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့ဥပဒေ
(င) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥပဒေ
(စ) နေပြည်တော်ကောင်စီဥပဒေ
(ဆ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ
(ဇ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ
(ဈ) နိုင်ငံတော်အလံဥပဒေနှင့် နည်းဥပဒေ
(ည) နိုင်ငံတော်သီချင်းဥပဒေနှင့် နည်းဥပဒေ
(ဋ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ
(ဌ) ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ
(ဍ) အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ
(ဎ) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ
(ဏ) ပြည်ထောင်စုတရားစီရင်ရေးဥပဒေ
(တ) ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ
(ထ) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ

အဆိုပါ ဥပဒေ၊ နည်းဥပဒေစာအုပ်များအား ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်)

စက်မှုကုန်ကြမ်း ရော်ဘာများ တိုးချဲ့စိုက်ပျိုး

ကမ္ဘာ့စက်မှုထွန်းကားသော နိုင်ငံများသည် ရော်ဘာကို စက်မှုလုပ်ငန်းများတွင် တွင်ကျယ်စွာ အသုံးပြုလာခဲ့ကြသည်။ အထူးသဖြင့် ရော်ဘာကို မော်တော်ကားတာယာနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများတွင် မဖြစ်မနေ သုံးစွဲရသဖြင့် ဝယ်လိုအားကောင်းသော စက်မှုကုန်ကြမ်းတစ်မျိုး ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရော်ဘာကို တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့အပြင် စိုက်ပျိုးရန်ကောင်းသော ရာသီဥတုရှိသည့် ရှမ်းပြည်နယ်တွင်လည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ရော်ဘာစိုက်ပျိုးသည့် ဒေသများအနက် မွန်ပြည်နယ်သည် ရော်ဘာပြည်နယ်ဖြစ်ရမည်ဟူသော ရည်မှန်းချက်ဖြင့် ယခုအခါ မွန်ပြည်နယ်ရှိ မြို့နယ်အသီးသီးတို့တွင် ရော်ဘာကို စိုက်ပျိုးလျက်ရှိသည်။ မွန်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးရန် ရေမြေရာသီဥတု သဘာဝအနေအထား ကောင်းမွန်သော ပြည်နယ်ဖြစ်သည်။

မွန်ပြည်နယ်တွင် ၁၉၈၈ခုနှစ်မတိုင်မီက ရော်ဘာကို ၇၆၆၀၇ဧက စိုက်ပျိုးခဲ့ရာမှ ၂၀၀၉-၂၀၁၀ခုနှစ်တွင် ၄၂၃၆၉၂ဧကအထိ တိုးချဲ့စိုက်ပျိုးလာခဲ့သည်။ မွန်ပြည်နယ်၏ ရော်ဘာစိုက်ဧကသည် တစ်နိုင်ငံလုံးစိုက်ဧက၏ ၃၇ ဒသမ ၀၆ရာခိုင်နှုန်းရှိသည်။ တစ်ဧကအစေးထွက်နှုန်းသည် ၆၄၅ ဒသမ ၅၈ပေါင်ရှိသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာရှိ နှစ်ရှည်ပင်များအသုံးချ သုတေသနဌာနတွင် ရော်ဘာ မျိုးကောင်းမျိုးသန့်များကို သုတေသနပြုလျက်ရှိသည်။ ငါးနှစ်ဆက်တိုက် သုတေသနပြုချက်အရ အထွက်နှုန်းကောင်းသော မျိုးများဖြစ်ကြောင်း သိရှိရသည်။

မုဒုံမြို့နယ် ကျုံပိုက်ကျေးရွာရှိ ရော်ဘာသုတေသနနှင့် မျိုးပွားခြံတွင်လည်း နှစ်စဉ် မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ပေးလျက်ရှိသည်။ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် မော်လမြိုင်မြို့နယ်များ၌ရှိသော ရော်ဘာစက်ရုံများမှ အရည်အသွေးကောင်းသော ရော်ဘာများကို ထုတ်လုပ်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားကောင်းနေသော စက်မှုကုန်ကြမ်း ရော်ဘာကို ရေမြေဒေသနှင့်ကိုက်ညီသည့် ရာသီဥတုကောင်းမွန်သော မည်သည့်ဒေသတွင်မဆို တိုးချဲ့စိုက်ပျိုးကြပါက "ရော်ဘာစိုက်ပျိုး ပြည့်အကျိုး၊ ဆတိုးဆောင်ရွက်စီးပွားတက်" ဆောင်ပုဒ်အရ တစ်ဦးချင်းဝင်ငွေတိုးမည့်အပြင် နိုင်ငံတော်အတွက်လည်း ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး
(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြား

နေပြည်တော် ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ တပ်မတော်အရာရှိကြီးများ၊တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အစီအစဉ်အရ တိုင်းမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုကြသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းမှူးကဖတ်ကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးကြပြီး ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ဂုဏ်ပြု သာယာဝတီ၌ စက်ရေတွင်းဖွင့်

သာယာဝတီ ဇန်နဝါရီ ၁၀

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မရမ်းအင်းကျေးရွာ၌ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၂ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ပခုက္ကူ အလက(၃) အာစရိယပူဇော်ပွဲကျင်းပမည်

ပခုက္ကူ ဇန်နဝါရီ ၁၀

ပခုက္ကူမြို့ အလက(၃)ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမ အကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၃ရက် နံနက် ၁၀ နာရီတွင် အလက(၃)ကျောင်း သီတာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ကန်တော့ခံ ဆရာ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ကျောင်းအုပ်ဆရာမကြီး အလက(၃) ဖုန်း-၀၆၂၂၁၁၃၃၊ ကိုဇော်ဝင်း (ဆန်းဘုရင်စတိုး) ဖုန်း-၀၆၂၂၁၂၄၇၊ ကိုအောင်မြင့် ဖုန်း-၀၉-၂၃၀၀၄၇၄၊ ကိုအောင်စိုးဝင်း (တော်ဝင်နာရီဆိုင်) ဖုန်း-၀၆၂၂၃၁၇၈၊ မခင်မမကို ဖုန်း-၀၆၂၂၃၃၇၁၊ ကိုပြည့်ဖြိုးမောင်မောင် ဖုန်း-၀၉-၄၇၂၀၉၂၂၅ နှင့် ကိုကျော်ကျော်ငွေ ဖုန်း-၀၉-၅၁၉၈၂၈၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(၀၇၀)

မြို့နယ်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ
လပွတ္တာ၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

လပွတ္တာ ဇန်နဝါရီ ၁၀

လပွတ္တာမြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျော့ပါးရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်းနှင့် အရေးပေါ်ရွှေ့ပြောင်းခြင်း စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက အမှတ်(၅) ရပ်ကွက် သာသနာ့ဗိမာန်တော်၌ကျင်းပရာ လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်ကြည်က အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

ကျင်းပ

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာများမှ သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများ တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၆ ရက် မှ ၉ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲများကို လပွတ္တာခရိုင်အတွင်းရှိ ကျေးရွာအုပ်စုများတွင်လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မူဆယ်မြို့ မိုင်းယု ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ပွဲရုံများ တည်ဆောက်ထားရှိမှုနှင့် ပွဲရုံများ ဝင်ထွက်လမ်းကြောင်း ကောင်းမွန်မှု ရှိ မရှိနှင့် ပို့ကုန်၊ သွင်းကုန် ယာဉ်ရပ်နားစခန်းတွင် ယာဉ်များ ဝင်ထွက်မှုတို့ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့်အဖွဲ့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

သဃ်္ဃန်းကျွန်းမြို့နယ် အထက သုဝဏ္ဏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုများချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်း ယုဇနဆောင်၌ ကျင်းပရာ တိုင်းဒေသကြီးအဆင့် ဘက်စုံ၊ စာပေ၊ သမိုင်းထူးချွန်တတိယဆု၊ အထွေထွေသိပ္ပံဘာသာရပ် ထူးချွန်ဒုတိယဆုရရှိသူ အဋ္ဌမတန်းမှ မထက်မြတ်နိုးအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဒေါ်ရီရီမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ပညာရေးစုံညီပွဲတော်
တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပသော ပညာရေးစုံညီပွဲတော် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ကြသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၄ ရက်က စစ်တွေမြို့ ဝေသာလီရင်ပြင် အားကစားကွင်း၌ ကျင်းပသော (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားသို့တက်ရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူးသည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအလိုက် ပထမနှင့် ဒုတိယဆုရရှိသော အသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ယာပုံ) (သတင်းစဉ်)

တာချီလိတ်မြို့၌ ပညာရေးစုံညီပွဲတော်ကျင်းပ

တာချီလိတ် ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း ကျေးရွာအုပ်စု ဝှေလေလန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၁ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ဝှေလေလန်အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဝင်းလှက အမှာစကားပြောကြားသည်။ ဆက်လက်၍ အားကစား စွမ်းရည်ပြိုင်ပွဲဆုရသူများနှင့် စာရိတ္တကောင်းမွန်သူ ကျောင်းသားကျောင်းသူတို့အား ဆုများချီးမြှင့်ကြသည်။ ထို့နောက် အလှူရှင် ဦးဇော်ဇော်ထွန်းက အလှူငွေကျပ် ၃၃၀၀၀၀လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဝင်းလှက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ပညာရေးမိသားစု၏ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၇ ရက်က တပ်ကုန်းမြို့ အထက(၁) ရွှေရတုရင်ပြင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကြည်က မြို့နယ်အဆင့် (သင်္ချာ)ထူးချွန်ဆုနှင့်မြို့နယ် ဘာသာစုံ(သင်္ချာ) ထူးချွန်ဆုရရှိသော စတုတ္ထတန်း(က)မှ မောင်မင်းထင်ရှားအား ဆုချီးမြှင့်စဉ်။ (ဝ၉၁)

မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာပို့စ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ရန်ကုန်ရှိ ပြည်သူများ ရေသောက်သုံးမှု မပြတ်လပ်ရေး အောင်တံခွန်စီမံကိန်းဖြင့် ရေဂါလန် သန်း ၄၀ ထပ်မံဖြည့်ပေးမည်၊ ဖုန်း Screen တွင် ရုပ်ပါမြင်နိုင်သည့် VOIP စနစ်ဖြင့် မြို့ကြီးသုံးမြို့တွင် အသုံးပြုခွင့်ရတော့မည်၊ ကွန်ဒိုအိမ်ရာများ ဝယ်ယူသူစိတ်ကြိုက် အရစ်ကျပေးချေမှုဖြင့် ဆွဲဆောင်နေရ၊ ၂၀၁၀အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး မီးလောင်မှု ၈၅၆ ကြိမ်ဖြစ်ပွားစသည့် မျက်နှာဖုံးသတင်းများနှင့်မောင်စူးစမ်း၊ မောင်သိန်းဩွန့် (ကော့ကရိတ်)၊ နေဇင်လတ်၊ ပြည်စိုး၊ မော်ကျွန်းစိုးမြင့်နှင့် ဦးအောင်ကျော်ကျော် (ကျန်းမာရေးပညာ)တို့၏ ဖတ်ရှုမှတ်သားဖွယ်ရာ ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀အတွင်း ယာဉ်တိုက်မှုကြောင့် တစ်ရက်လျှင် ဒဏ်ရာရသူနှစ်ဦးနှင့် သုံးရက်လျှင် လူတစ်ဦးသေဆုံး၊ ကွန်ပျူတာထိန်းချုပ်သည့် အဝေးပြေး ယာဉ်လိုင်းသစ် မကြာမီ ပြေးဆွဲမည်၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံကြောင့် မြန်မာ၊ ထိုင်း၊ လာအိုနိုင်ငံများနှင့်ဆက်ဆံရေး သိသာစွာမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်ကြေညာ၊ အိန္ဒိယ-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ ဖော်ဆောင်နိုင်ရေး၌ မြန်မာနိုင်ငံက အဓိကကဏ္ဍကပါဝင်၊ မြန်မာ၊ နီပေါ၊ ဘူတန်၊ အိန္ဒိယနိုင်ငံများနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်စီစဉ်၊ ပြည်ပဝယ်လိုအားရှိလာနိုင်သည့် ပေါင်းဆန်၊ ချိုးမကပ်သည့်အိုးကြောင့် ကင်ဆာရောဂါဖြစ်ပွားစေနိုင်စသည့် သတင်းများနှင့် အခြား စိတ်ဝင်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

သဲကုန်းမြို့နယ်၌ စက်ရေတွင်းဖွင့်

သဲကုန်း ဇန်နဝါရီ ၁၀

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဆင်ကျုံးကျေးရွာ နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉ နာရီက အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

(အပေါ်ပုံ)

ရေပေးဝေနိုင်

အဆိုပါ စက်ရေတွင်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုငွေကျပ် ၁၈၉၉၀၀၀ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး တစ်နာရီလျှင် ရေထွက်နှုန်း ၁၂၀၀ ဂါလန်ထွက်ရှိကာ အိမ်ခြေ ၁၀၇အိမ်နှင့် လူဦးရေ ၄၆၉ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေပေးဝေနိုင်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာန ကျိုင်းတုံမူလတန်းကြိုကျောင်းတွင် ဒီဇင်ဘာ ၂၉ရက်က ကျင်းပသော ကာယစွမ်းရည်ပြိုင်ပွဲ၌ ပထမရရှိသော မောင်စိုင်းလုံခမ်းအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့် ဆုချီးမြှင့်စဉ်။

(ပြည်နယ် ပြန်/ဆက်)

လယ်ဝေးမြို့နယ်၌ သီရိရတနာစာကြည့်တိုက်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၀

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် သီရိရတနာဈေး သမဝါယမအသင်း (လီမိတက်)၏ သီရိရတနာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက လယ်ဝေးမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ လယ်ဝေးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကြီးတို့က အမှာစကားပြောကြားကြသည်။

တက်ရောက်

အခမ်းအနားသို့ ဈေးသမဝါယမအသင်းသား ၅၀တို့ တက်ရောက်ကြပြီး စာအုပ်မျိုးစုံ၄၁၃အုပ်နှင့် အလှူငွေကျပ် ၁၀၀၀၀ကို အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(ဝဲပုံ)က လက်ခံခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကွင်းဆင်းစစ်ဆေး

တာမွေမြို့နယ် ဒဂုံညွှန့်ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးမောင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၁ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (၁၇၁)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့